CHERRY FOUNDATION

# MPs Support Center

WEEKLY Ethnic News Collection

# ကောက်နုတ်ထားသော သတင်းခေါင်းစဉ်များ

(No, 43. October, 2019)


၁။ ပလက်ဝမြို့နယ်အတွင်း အရပ်သား (၁၅)ဦး ပြောက်ဆုံးနေမှုအပေါ် ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကောင်စီမှ သဘောထားထုတ်ပြန်

၂။ ပလက်ဝတွင် တပ်မတော်မှ ဒေသခံများကို အခကြေးငွေဖြင့် ရိက္ခာသယ်ယူခိုင်းမှုများရှိနေပြီး အသက်အန္တရာယ် စိုးရိမ် နေရဟုဆို

၃။ တုန်းဇံကျောင်း မီးလောင်မှု စာဆက်သင်နိုင်ရန် စာသင်ခုံများအဓိကလိုအပ်နေ

၄။ ရသေ့တောင်မြို့နယ် စာသင်ကျောင်းအနီးကို လက်နက်ကြီးကျည်ကျရောက်

၅။ စစ်ရှောင်အဝေးသင်ကျောင်းသားများကို ထောက်ပံ့ရာတွင် အစိုးရပူးပေါင်းပါဝင်လျှင် အဆင်ပြေမည်

၆။ ကျောက်တော်တွင် လက်နက်ကြီးကျရောက်မှုကြောင့် မြေးအဘိုးနှစ်ဦးဒဏ်ရာရ

၇။ ဗမာအလံဖြစ်မြောက်ရေး ဆောင်ရွက်မည်

၈။ ဒေါ်ဆိုရှေးတောင်သူ (၃)ဦး ထပ်မံဖမ်းဆီးခံရ

၁၀။ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စောထူးကပေါ် ကွယ်လွန်

၁၁။ သိမ်းဆည်းခံ လယ်မြေများ ပြန်ရရှိရေး လယ်လုပ်ကိုင်သူများ ဆန္ဒထုတ်ဖော်ခဲ့

၁၂။ မြေယာ၊ သစ်တောသယံဇာတများကို မိရိုးဖလာစီမံခန့်ခွဲအုပ်ချုပ်မှုစနစ်ဖြင့်သာ နိုင်ငံအတွက်အကျိုးရှိဟု KNU ပြော

၁၃။ ကျောက်မီးသွေးလောင်စာသုံး ဘိလပ်မြေစက်ရုံလည်ပတ်မှု ပိတ်သိမ်းရေး ဒေသခံများလိုလား

၁၄။ ကေအဲန်ယူနှင့် မွန်ပြည်သစ်ပါတီ တိုက်ပွဲထပ်မံ မဖြစ်ပွားရေး နှစ်ဖက်သဘောတူညီမှုအပြီး ပစ်ခတ်မှုထပ်မံဖြစ်ပွား

၁၅။ ကုလသမဂ္ဂ စွပ်စွဲထားသကဲ့သို့ ကလေးစစ်သားစုဆောင်းခြင်းမရှိဟု KNU/KNLA-PC ပြော

၁၆။ ဒီဇင်ဘာလတွင် ပါတီရုံများ အပြီးသတ်ဖွင့်လှစ်သွားမည်ဟု KNDP ပြော

၁၇။ ကချင်လူငယ် ၂ ဦး၏ အယူခံကို ပြည်နယ်တရားရုံး ပယ်ချ

၁၈။ အရက်သောက်ပြီး ပိုက်ဆံမရှင်းဘဲ သေနတ်ပစ်ဖောက်သည့် BGF တပ်ဖွဲ့ဝင်နှစ်ဦးကို ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီး

၁၉။ အငြင်းပွားပြဿနာဖြစ်ခဲ့သော ဗလဲ့ဒွန်ဖိုက်နှင့် ထီးဝါးဒို့ရွာနယ်နိမိတ်ကို KNU & NMSP ခေါင်းဆောင်များ ရှေ့မှောက် တွင် သတ်မှတ်အတည်ပြု

၂၀။ NCA ထိုးရန် ယုံကြည်မှု ပြဿနာ ရှိနေဆဲဖြစ်ကြောင်း KNPP ပြော

၂၁။ ပူတာအိုရှိ တိုင်းရင်းသားစာပေသင် ဆရာအချို့ လနှင့်ချီ၍ လစာမရ

၂၂။ မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့နှင့် အစိုးရ တပ်မတော်တို့ တွေ့ဆုံမှုကို နိုဝင်ဘာသို့ ရွှေ့ဆိုင်း

၂၃။ ကျောက်မဲ DENKO စက်သုံးဆီဆိုင် လက်လုပ်မိုင်းတု ဖြင့် ခြိမ်းခြောက်ခံရ

၂၄။ ဖခင် အရင်းကို သားဖြစ်သူက ဓါးဖြင့် ထိုးသတ်

၂၅။ နမ္မ မြစ်ပေါ် ရေကာတာတည်ဆောက်မှုအား ဒေသခံများကန့်ကွက်လက်မှတ်ထိုး

၂၆။ ခေးနင်းကျောင်းထိုင်ဆရာတော် ပစ်သတ်ခံရသည့် ကိစ္စ တအာင်းသံဃာတော်များကန့်ကွက်ရှုံ့ချ

၂၇။ မိုင်းခုတ် ကျောက်မီးသွေးစီမံကိန်း ဒေသခံများ အလိုမရှိကြောင်း ဆုတောင်းပွဲပြုလုပ် ဆန္ဒထုတ်ဖော်
၂၈။ NCA ၄ နှစ်ပြည့် အောက်တိုဘာ ၂၈ ရက်တွင်ကျင်းပမည်
၂၉။ မတ်ကျိုင်းနှင့် နားရိုင်း ပြည်သူ့စစ်နယ်မြေအတွင်း တပ်မတော် စစ်ရေး လေ့ကျင့်
၃၀။ ကျမ်းစာသင်တန်းမှူးအမှု ပွင့်လင်းမြင်သာဖို့ တောင်းဆို
၃၁။ တပ်မတော်ကခေါ်ယူသွားသည့် မင်းပြားဒေသခံ (၄၀)ကျော် ပြန်ရောက်လာ
၃၂။ မောင်တောတွင် အချုပ်သားများတင်ဆောင်လာသည့် ယာဉ်တန်းမိုင်းဆွဲတိုက်ခိုက်ခံရ
၃၃။ မြန်မာစစ်တပ် နှင့် KIO အပစ်ရပ်ရန် ကချင်စစ်ရှောင်များ လိုလားသော်လည်း စိုးရိမ်
၃၄။ KIO အထိမ်းအမှတ်နေ့ ပြုလုပ်မည့်နေရာသို့ မြန်မာစစ်ကြောင်းများ တက်လာ
၃၅။ လူထုက ပါတီတခုတည်း ကြည့်၍ မဲပေးမည် မဟုတ်တော့ကောင်း NLD သတိပေး
၃၆။ ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်လောင်းအများဆုံး ရွေးချယ်မည်ဟု SNDP ပြော

**************

## ၁။ ပလက်ဝမြို့နယ်အတွင်း အရပ်သား (၁၅)ဦး ပြောက်ဆုံးနေမှုအပေါ် ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကောင်စီမှ သဘောထားထုတ်ပြန်

22, October, 2019

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တပ်မတော်နှင့် အေအေတပ်ဖွဲ့ကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကြောင့် ၂၀၁၉ အောက်တိုဘာလ (၁၅)ရက်နေ့အထိ အရပ်သား (၁၅)ဦးအထိ ပျောက်ဆုံးနေမှုနှင့် ပါတ်သတ်ပြီး ခူမီးချင်းမျိုးနွယ်စုများ ရေးရာ ပေါင်းစပ်ညှိနှိုင်းမှုကောင်စီမှ ထုတ်ပြန်ကြေညာချက်တစ်စောင်ကို အောက်တိုဘာ ၂၀ရက်နေ့တွင် ထုတ်ပြန်လိုက်ကြောင်းသိရသည်။

သဘောထားထုတ်ပြန်ချက်ထဲတွင် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံတော်အစိုးရအနေဖြင့် ပျောက်ဆုံးနေသည့် အရပ်သားများ အမြန်ဆုံးပြန်လည်တွေ့ရှိနိုင်ရေးနှင့် ၄င်းတို့အနေဖြင့် မိမိတို့သက်ဆိုင်ရာမိသားစုများနှင့် အမြန်ဆုံးပေါင်းစည်းနိုင်ရေး ကူညီဆောင်ရွက်ပေးကြရန် ပါဝင်သည်။

ထို့ပြင် အေအေအဖွဲ့အနေဖြင့် တိုက်ပွဲများနှင့်မသက်ဆိုင်သော ဒေသခံချင်းလူမျိုးအရပ်သားများအား အကြောင်းမဲ့ခြိမ်းခြောက်ခေါ်ဆောင်ခြင်းများ လုံးဝမပြုလုပ်ရန် တောင်းဆိုထားသည်။

ခူမီးချင်းမျိုးနွယ်စုများ ရေးရာပေါင်းစပ်ညှိနှိုင်းမှုကောင်စီ၏ ညှိနှိုင်းရေးမှူး ဦးစောမြမှ " အခုလက်ရှိ အခြေအနေက စစ်ပွဲဖြစ်နေတဲ့ အနီးအနားရွာတွေက ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကတစ်မျိုး၊ စစ်မဖြစ်ဘဲနဲ့လဲ အခုလိုပျောက်ဆုံးမှုတွေရှိနေတော့ တစ်နယ်လုံးစိုးရိမ်နေကြတယ်၊ တောင်ယာလည်းမသွားရဲကြဘူး၊ တိုင်းရင်းသားတွေက တရားမျှတမှုမရလို့ လက်နက်စွဲကိုင်တော်လှန်ရေးလုပ်ကြတယ်၊ အဲဒါကြောင့် တော်လှန်ရေးလုပ်တဲ့ လက်နက်ကိုင်တွေကိုယ်တိုင်က တရားမျှတမှုကင်းမဲ့တဲ့ လုပ်ရပ်မျိုးမလုပ်ဖို့ လိုတယ်လို့ ပြောချင်ပါတယ်" ဟု ပြောသည်။

CHRO ၏ ထုတ်ပြန်ချက်ထဲတွင် ပျောက်ဆုံးနေသည့် ဒေသခံ (၁၅)ဦးနှင့်ပါတ်သတ်ပြီး မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA) နှစ်ဘက်လုံးမှ ၄င်းတို့လက်ချက်မဟုတ်ဟု ငြင်းဆိုထားကြောင်း ဖော်ပြထားသည်။ https://www.chinworld.org/2019/10/21/paletwah-war/

## ၂။ ပလက်ဝတွင် တပ်မတော်မှ ဒေသခံများကို အခကြေးငွေဖြင့် ရိက္ခာသယ်ယူခိုင်းမှုများရှိနေပြီး အသက်အန္တရာယ် စိုးရိမ်နေရ ဟုဆို

23, October, 219

ပလက်ဝမြို့နယ်ရှိ မီးဇာကျေးရွာရှိ ဒေသခံပြည်သူများကို မြန်မာ့တပ်မတော်မှ အခကြေးငွေဖြင့် ရိက္ခာသယ်ယူခိုင်းမှုများရှိနေပြီး အသက်အန္တရာယ်ပိုင်းတွင် လုံခြုံမှုမရှိဘဲ စိုးရိမ်နေရဟု ချင်းလူ့အခွင့်အရေးအဖွဲ့မှ ဆလိုင်း Terah ထံမှ သိရသည်။

"အခုဖြစ်နေတဲ့ ဒေသတွေက တိုက်ပွဲဖြစ်တဲ့ဒေသတွေဆိုတော့ ရွာသားတွေအတွက် လုံခြုံမှုမရှိဘူး၊ အသက်အန္တရာယ်ရှိတယ် ဆိုတော့ တပ်မတော်အနေနဲ့ မလုပ်သင့်ဘူးပေါ့၊ တစ်ကယ်လို့လုပ်ခိုင်းရင်တောင် လုံခြုံရေးလုပ်ပေးသင့်တယ်ပေါ့၊ ခုတော့ အဲလိုမျိုးလဲမရှိဘူး၊ ခုချိန်က တောင်သူတွေရဲ့ စပါးရိတ်သိမ်းတဲ့အချိန်ဆိုတော့ သူတို့အတွက် ဝန်ထုတ်ဝန်ပိုးလည်းဖြစ်တယ်၊ လုပ်ငန်းလည်းပျက်တယ်" ဟု ချင်းလူ့အခွင့်အရေးအဖွဲ့မှ ဆလိုင်း Terah က ပြောသည်။

မြန်မာ့တပ်မတော်မှ ဒေသခံများအား ရိက္ခာသယ်ယူခိုင်းခြင်းကို အောက်တိုဘာ ၁၉ရက်နေ့ကစတင် စေခိုင်းခြင်းဖြစ်ပြီး တပ်မ ၇၇ ဗျူဟာထိုင်သည့် ခမောက်ဝအထိ ဆန်အပါအဝင် တပ်ရိက္ခာများ ထမ်းခိုင်းခြင်းဖြစ်ကြောင်း သိရသည်။

ရိက္ခာသယ်ယူခိုင်းခြင်းကို ပျမ်းမျှအားဖြင့် တစ်ရက်တွင် အယောက်နှစ်ဆယ်မှ အယောက်သုံးဆယ်ကျော်အထိ ဆန်တစ်အိတ်တွင် နှစ်ယောက်နှုန်းဖြင့် လူတစ်ဦးကို လေးထောင်ပေးကာ ထမ်းခိုင်းသော်လည်း အကွာအဝေး ကီလိုမီတာ ၅၀ ခန့် ထမ်းရသဖြင့် ထိုက်တန်ခြင်းမရှိကြောင်း ဒေသခံများထံမှသိရသည်။

မီးဇာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးပွေ့လောမှ "တစ်ချို့တွေတော့ မလုပ်ချင်ကြဘူး၊ တစ်ချို့တွေတော့ လုပ်ချင်ကြတယ်၊ ဒါပေမယ့် မလုပ်ရင်လည်း မကောင်းဘူးဆိုပြီးတော့ ထမ်းကြရတာဘဲ၊ ကျနော်တို့ အုပ်ချုပ်ရေးပိုင်းကနေလူစုပေးရတယ်၊ ကျနော်တို့ဘက်လည်း အခက်အခဲအရမ်းဖြစ်တယ်၊ ဘယ်လိုလုပ်ရမလဲမသိဘူး၊ ဘယ်သူမှတော့ ဒီကိစ္စကိုမလိုချင်ကြဘူး" ဟု ပြောသည်။

ပလက်ဝမြို့နယ်တွင် ဒေသခံအချို့ တောထဲသွားရာမှ အစအနမရှိဘဲ ပျောက်ဆုံးမှု ယခုနှစ်အတွင်း ၁၅ ဦးအထိရှိခဲ့ပြီး ပြီးခဲ့သည့် ရက်ပိုင်းတွင် လင်မယား ၂ ဦး ပြန်တွေ့သဖြင့် လက်ရှိအချိန်ထိ ၁၃ ဦး ပျောက်ဆုံးနေသေးကြောင်းသိရသည်။ https://www.chinworld.org/2019/10/23/paletwa-porter/

************

## ၃။ တုန်းဇံကျောင်း မီးလောင်မှု စာဆက်သင်နိုင်ရန် စာသင်ခုံများအဓိကလိုအပ်နေ

23, October, 2019

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တုန်းဇံရွာရှိ အထက(ခွဲ) ကျောင်း မီးလောင်မှုကြောင့် လက်ရှိ အခြေအနေထိ ကျောင်းသား/သူ များ ပညာသင်ကြားရာတွင် စာသင်ခုံများအဓိကလိုအပ်နေကြောင်း သိရသည်။

တုန်းဇံ လူငယ် ကို Sumpi က "ကျွန်တော်တို့ လက်ရှိမှာတော့ ကျောင်းဆောင်မရှိတဲ့အတွက် အပြင်မှာ စာသင်ရတာပေါ့၊ ပြီးတော့ ဘုရားကျောင်းတွေမှာ အလှူခံတာတွေရှိတယ်၊ ကိုယ်စီ တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးကြတယ်၊ အဓိကတော့ ကျွန်တော်တို့မှာ ကလေးတွေ စာသင်နိုင်ဖို့ အဓိက ခုံတွေ လိုအပ်နေတယ်" ဟု ပြောသည်။

လူမှုရေးဝန်ကြီး ဦးပေါင်လွင်မင်းထန်က “အခုလောင်သွားတာက ကျောင်းတစ်ကျောင်းလုံးရဲ့ တစ်ဝက်ကျော်လောက် လောင်သွားတာဖြစ်တယ်။ ပျက်စီးဆုံးရှုံးတဲ့ တန်ဖိုးက အားလုံး သန်း(၁၅၀)ကျော်လောက် ဆုံးရှုံးပျက်စီးသွားတာဖြစ်တယ် ဆိုတော့ ဒီဟာကိုပြန်ရဖို့က ပြည်ထောင်စုမှာလည်း မီးဘေးဒဏ်အနေနဲ့ တောင်းခံဖို့ စီစဉ်ထားတယ်။ လောလောဆယ် ကျောင်းသူကျောင်းသားတွေ စာသင်တာ မပျက်သွားအောင် ဘုရားကျောင်းမှာတွေ သင်ပေးဖို့ ပြင်ဆင်ပေးနေတယ်” ဟု ပြောသည်။

တီးတိန်မြို့နယ် (TYF) မှ ကို မုန်နိုးက “အခုလောလောဆယ် ရွာရှိ ဘုရားကျောင်းတွေမှာ စာတွေသင်ပေးနေတယ်၊ စားပွဲ၊ ထိုင်ခုံတွေတော့ လုံလောက်မှုမရှိသေးဘူး၊ TYF အဖွဲ့အနေနဲ့ ကျောင်းသား၊သူတွေအတွက် စားပွဲထိုင်ခုံ ၃၃စုံလှူဒါန်းဖို့ရှိတယ်၊ အခြားအဖွဲ့အစည်းများကလည်းဆက်သွယ်လှူဒါန်းချင်တာတွေရှိတယ်၊ ကျောင်းသူ/သားတွေအတွက် အရေးပေါ်လိုအပ်တာက ရေသန့်ထားဖို့ဖုံးတွေ စာသင်ခုံ/စားပွဲတွေ လိုအပ်လျှက်ရှိနေသေးတယ်” ဟု ပြောသည်။ https://www.chinworld.org/2019/10/24/%e1%80%90%e1%80%af%e1%80%94%e1%80%ba

*************

၄။ **ရသေ့တောင်မြို့နယ် စာသင်ကျောင်းအနီးကို လက်နက်ကြီးကျည်ကျရောက်**

22, October, 2019

ရခိုင်ပြည်နယ်၊ရသေ့တောင်မြို့နယ်၊ ဆင်ခုန်းတိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအနီးကို ယနေ့ အောက်တို ဘာလ ၂၂ ရက်နေ့၊ နံနက် (၁၀)နာရီကျော်ခန့်တွင် လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲမှုရှိခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ပုက DMG ကိုပြောသည်။

လက်နက်ကြီးကျည်သည် စာသင်ကျောင်းနှင့် ပေ (၂၀၀)ခန့်အကွာတွင် ကျရောက်ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ များနှင့် ဆရာ/မများ စိုးရိမ်မှုများရှိသဖြင့် ကျောင်းပိတ်လိုက်ရသည်ဟုလည်း ဦးမောင်ပုက ဆက်လက်ပြောသည်။

“ ဒီနေ့ ၁၀နာရီ ကျော်လောက်မှာ စာသင်ကျောင်းနားမှာ လက်နက်ကြီးတစ်လုံးကျတယ်။ အဲဒီအတွက် ကြောက်လို့ ကျောင်းပိတ်ထားတာပါ”ဟု ၎င်းက ဆိုသည်။

“အခုလို ရွာတွေကို လက်နက်ကြီးနဲ့ လှမ်းထုနေတော့ မလိုအပ်တဲ့ပြဿနာတွေ ဖြစ်မှာကိုကြောက်တယ်။ အိမ်တစ်အိမ်မှာ မတော်တဆကျခဲ့ရင်လည်း လူတွေသေဆုံးဖို့ အခြေအနေရှိတယ်”ဟု ၎င်းကဆိုသည်။

တပ်မတော်ဘက်က ထိုသို့ လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဝင်းဇော်ဦးက ငြင်းဆိုသည်။

လက်နက်ကြီး ကျရောက်ပေါက်ကွဲမှု၊ ပစ်ခတ်ခံရမှု၊ မိုင်းပေါက်ကွဲမှုတို့ကြောင့် အရပ်သားသေဆုံးမှု (၁၃၀)ခန့် ရှိကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံက သိရသည်။ https://www.dmgburmese.com/%E1%80%9E%E 1%80%

**************

၅။ **စစ်ရှောင်အဝေးသင်ကျောင်းသားများကို ထောက်ပံ့ရာတွင် အစိုးရပူးပေါင်းပါဝင်လျှင် အဆင်ပြေမည်**

22, October, 2019

ရခိုင်ပြည်နယ်ရှိ စစ်ဘေးရှောင် အဝေးသင်ကျောင်းသားကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးပေးရာတွင် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားမျိုးနွယ်များ အစည်းအရုံး(REC)အတွင်းရေးမှူး ကိုဇော်ဇော်ထွန်းကပြောသည်။

REC သည် စစ်ဘေးရှောင်များ၏ သတင်းအချက်အလက်များဖြန့်ဝေပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးများ ပြုလုပ်ပေးနေသည့် စစ်တွေအခြေစိုက် အရပ်ဖက်အဖွဲ့အစည်းဖြစ်သည်။ ၎င်းတို့အဖွဲ့က အဝေးသင်တက္ကသိုလ် တက်ရောက်နေကြသည့် စစ်ဘေးရှောင်ကျောင်းသားကျောင်းသူတချို့ကို ယနေ့ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခဲ့ပြီးနောက် DMG ကို အထက်ပါအတိုင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

"ကျနော်တို့အဖွဲ့အစည်းက ပညာသင်ထောက်ပံ့ကြေးပေးဖို့ အစီအစဉ်က ရှိမနေဘူး။ လတ်တလော အရေးပေါ် လိုအပ်ချက်တစ်ခုအဖြစ် ကျနော်တို့မှာ ရှိတဲ့ဟာလေးက ဖဲ့ပြီးတော့ လုပ်လိုက်တာပါ။ အစိုးရဖက်မှာ ဒီအစီအစဉ်ရှိသင့်ပါတယ်။ အစိုးရဝန်ကြီးဌာနတွေအနေနဲ့ ဒီအစဉ်အစီမှာ ဆောင်ရွက်ပေးနိုင်ရင်တော့ ကျောင်းသားတွေအတွက် ပိုပြီး အထောက်အကူဖြစ်စေပါတယ်" ဟု ကိုဇော်ဇော်ထွန်းကပြောသည်။

စစ်ဘေးရှောင်စခန်းတွင်ခိုလှုံနေရသောကြောင့် တောင်ယာလုပ်ငန်းလုပ်ကိုင်ရန် အဆင်မပြေသဖြင့် ငွေကြေး အခက်အခဲရှိ၍ အဝေးသင်တက္ကသိုလ်တက်ရန် အခက်အခဲရှိသည်ဟု REC မှ ပညာသင်ထောက်ပံ့ကြေးရရှိသည့် မဦးဆန်းနွယ်က ပြောသည်။

ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့်ရက္ခိုင့်တပ်တော်(AA)တို့၏တိုက်ပွဲကြောင့် စစ်ဘေးရှောင် (၆၄၀၀၀)ကျော် အထိရှိသည်။
https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%

**************

## ၆။ ကျောက်တော်တွင် လက်နက်ကြီးကျရောက်မှုကြောင့် မြေးအဘိုးနှစ်ဦးဒဏ်ရာရ

23, October, 2019

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းအနီးရှိ နေအိမ်ကို ယနေ့ (အောက်တိုဘာလ ၂၃ ရက်နေ့)၊ နံနက် ၅ နာရီကျော်ခန့်က လက်နက်ကြီးကျည်ကျရောက် ပေါက်ကွဲမှုကြောင့် မြေး အဘိုးနှစ်ဦးဒဏ်ရာရရှိသွားသည်ဟု ဒေသခံများထံက သိရသည်။

အသက် (၇၀)နှစ်အရွယ်ဦးကျော်စိန်နှင့် ၎င်း၏ မြေးဖြစ်သူ အသက် (၁၁)နှစ်အရွယ် မောင်ကျော်နိုင်ချေတို့ မိမိနေအိမ်တွင် အိပ်နေစဉ် အိမ်ခေါင်းမိုးပေါ်ကို လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားခြင်းဟု အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ပြောသည်။

" မနက် ၅ နာရီကျော်လောက်မှာ လက်နက်ငယ်ပစ်သံတွေကြားတယ်။ လက်နက်ငယ်ပစ်သံကြားပြီးတော့ အမြောက်ပစ်သံတွေကြားတယ်။ နောက်ပြီးတော့ ပထမဦးဆုံးရွာနားမှာ နှစ်လုံးကျတယ်။ နောက်ပြီးတော့ မြေးအဘိုးနှစ်ယောက်အိပ်နေတဲ့အိမ်မှာ ကျတာပါ" ဟု ၎င်းဆိုသည်။

လက်နက်ကြီးကျရောက်မှုကြောင့် ဦးကျော်စိန်မှာ ဦးခေါင်းတွင်ဒဏ်ရာရရှိသွားပြီး မောင်ကျော်နိုင်ချေတွင် ဦးခေါင်းနှင့် ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာရရှိသွားသည်။

"အဘိုးမှာတော့ ခေါင်းမှာ တစ်ချက်နဲ့ ပေါင်မှာ တစ်ချက်ဒဏ်ရာရသွားတယ်။ ကလေးမှာတော့ ခေါင်းနဲ့ခန္ဓာမှာ ရသွားတယ်။ အခုလောလောဆယ်တော့ အပေါက်ဝဆေးရုံမှာ ဆေးကုသမှုခံယူနေပါတယ်" ဟု ဒေသခံ တစ်ဦးက ပြောသည်။

ယနေ့နံနက်ပိုင်းက ကံစောက်တောင်ရှိ တပ်မတော်တပ်ရင်းဌာနချုပ်ကိုAA တပ်ဖွဲ့ဝင်များက အပေါက်ဝ ကျေးရွာဘက်က လာရောက်ပစ်ခတ်သောကြောင့် ပြန်လည်ပစ်ခတ်ရခြင်းဟု အနောက်ပိုင်းတိုင်းစစ်ဌာန ချုပ်မှ ဗိုလ်မှူးကြီး ဝင်းဇော်ဦးက ပြောသည်။https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80

*************

## ၇။ မင်းပြားမြို့နယ်တွင် အရပ်သား (၄၀)ကျော်ကို တပ်မတော်က ခေါ်ဆောင်သွားဟု ဒေသခံများဆို

23, October, 2019

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ လက်ခုပ်ကျေးရွာကို ယနေ့ (အောက်တိုဘာလ ၂၃ ရက်နေ့)နံနက် ၈ နာရီကျော်တွင် တပ်မတော်က ဝင်ရောက်စစ်ဆေးခဲ့ပြီးနောက် အရပ်သား (၄၀)ကျော်နှင့် ရွှေငွေ အချို့ကို ယူဆောင်သွားကြောင်း ဒေသခံများ ထံက သိရသည်။

ယင်းရွာအနီးတွင် တပ်မတော်စစ်ကြောင်းတစ်ခု မိုင်းဆွဲတိုက်ခိုက်ခံရမှု ဖြစ်ပွားခဲ့သောကြောင့် ရွာထဲကို ဝင်ရောက် စစ်ဆေးခဲ့ကာ ရွာသားများကို ခေါ်ယူသွားကြောင်းနှင့် ရွှေငွေတချို့ကို ယူဆောင်သွားကြောင်း အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ပြောသည်။

"ဒီနေ့ ကျွန်တော်တို့ရွာအရှေ့ဖက် ၁ ဖာလုံအကွာမှာ မိုင်းတစ်လုံးပေါက်တယ်။ မိုင်းပေါက်တာနဲ့ ကျွန်တော်တို့ အရှေ့ဖက်ကနေ သူတို့အပေါ်ပစ်ပြီး ဝင်လာတယ်။ ရွာအလယ်မှာ လူတွေစုတယ်။ ပြီးတော့ AA ကို မင်းတို့ သိလား။ မင်းတို့ AA မလား ဆိုပြီးမေးတယ်။ ရွှေတွေ၊ ငွေတွေ၊ ဖုန်းတွေယူသွားတယ်" ဟု ၎င်းကပြောသည်။

ယင်းရွာအနီးတွင် တပ်မတော်စစ်ကြောင်းကို AA က မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး ရွာထဲသို့ဝင်ရောက်သွားသောကြောင့် စစ်ဆေးခြင်းဖြစ်သော်လည်း ရွာသားများကို ခေါ်ဆောင်သွားခြင်း မရှိကြောင်းနှင့် ရွှေငွေများကိုလည်း ယူဆောင်သွားခြင်း မရှိကြောင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဝင်းဇော်ဦးက ပြောသည်။ https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/mbc40c.html

*************

## ၈။ ဗမာအလံဖြစ်မြောက်ရေး ဆောင်ရွက်မည်

21, October, 2019

ဗမာတိုင်းရင်းသားများရှေ့ရောက်နေသည်ဟု ယူဆရသော်လည်း လက်ရှိတွင် ဗမာတိုင်းရင်းသားများအနေဖြင့် အလံမရှိသေးသည့်အတွက် ဗမာအလံဖြစ်မြောက်ရေး ဦးစွာဆောင်ရွက်သွားမည်ဟု ကယားပြည်နယ်အစိုးရအဖွဲ့မှ ဗမာတိုင်းရင်းသား ရေးရာဝန်ကြီး ဦးလှမျိုးဆွေက ပြောပါသည်။

"ကချင်မှာကချင်အလံရှိတယ်။ ကယားမှာလည်း အလံရှိပါတယ်။ ကရင်မှာလည်း အလံရှိပါတယ်။ ချင်း မှာလည်းအလံ ရှိပါတယ်။ ရခိုင်မှာလည်း အလံရှိပါတယ်။ မွန်ပြည်နယ် အလံလည်းရှိပါတယ်။ မွန်တိုင်းရင်းသားတွေလည်း ရှိပါတယ်။

ရခိုင် တိုင်းရင်းသားအလံတွေလည်းရှိပါတယ်။ ကျနော်တို့ရှေ့ရောက်တယ်လို့ပြောတဲ့ ဗမာတိုင်းရင်းသားအလံက မရှိပါဘူး။" ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှမျိုးဆွေသည် အောက်တိုဘာလ ၂၀ ရက်နေ့ညချိန်၌ ဒီးမော့ဆိုမြို့နယ် ငွေတောင် ကျေးရွာရှိ ခန်းမတွင် ဗမာတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ် ပြောဆိုသွားခဲ့ခြင်းဖြစ်သည်။

ဗမာတိုင်းရင်းသားများနှင့် ဝန်ကြီးတွေ့ဆုံမှုအခန်းအနားတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအကြောင်းကို တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ချပြ ရှင်းလင်းသွားခဲ့သည်။ https://www.kantarawaddytimes.org/%e1%80%97%e1%80%99%e1 %80%ac%e1%8

*************

၉။ **ဒေါဆိုရှေးတောင်သူ (၃)ဦး ထပ်မံဖမ်းဆီးခံရ**

21, October, 2019

ယနေ့ ဒီးမော့ဆိုတရားရုံးသို့ ပုဒ်မ ၄၄၇ နှင့် ၆(၁) ဖြင့် အမှုလာရောက်ရင်ဆိုင်သည့် ဒေါဆိုရှေးတောင်သူ ၁၅ ယောက်ထဲမှ ၃ ဦး ထပ်မံဖမ်းဆီးခံရပြီး လွိုင်ကော်အကျဉ်းထောင်သို့ ခေါ်ဆောင်သွားသည်ဟု ရုံးချိန်းကိုလာရောက်ဝန်းရံသည့် ကိုကျော်ထင်အောင်က ပြောသည်။

" ၃ ယောက်ကိုထပ်စွဲပြီးတော့ တစ်ခါတည်းဖမ်းခေါ်သွားတဲ့ပုံစံဖြစ်တယ်။ ဒီနေ့မနက်မှာပဲ မြို့နယ်တရားရုံးမှာ တပ်ကနေပြီး တရားလိုလုပ်ပြီး လာစွဲတယ်လို့သိရတယ်" ဟု ၎င်းကပြောသည်။

၄၄၇ ဖြင့် တရားစွဲဆိုခံရသည့် ဒေါဆိုရှေးတောင်သူ ၁၅ ဦးရှိပြီး ပုဒ်မ ၆(၁)ဖြင့် လွန်ခဲ့သည့် ဩဂုတ်လ ၂၆ ရက်နေ့တွင် တောင်သူ ၆ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီးဖြစ်သည်။

"တမင်သက်သက်ယုတ်မာတယ်လို့ပဲပြောလို့ရတယ်ပေါ့နော။ အမှုတစ်ခုတည်းကို တရားလိုနှစ်ယောက်လုပ်တာတို့ ပုဒ်မခွဲပြီးစွဲတာတို့ အဲမျိုးတွေ မညှာမတာ သဘောမျိုးပေါ့။ မတရားဘူး တကယ်တမ်းဆိုလို့ရှိရင် ပုဒ်မ တစ်ခုထဲစွဲရင်တောင်ရပြီ ပုဒ်မ အများကြီးနဲ့ လူတစ်ယောက်ထဲကို စွဲတယ်ဆိုကတည်းက အမြင်ကတ်ပုဒ်မနဲ့လား သက်သက်မဲ့ ပြည်သူဒုက္ခရောက်အောင် လုပ်တာလားမသိဘူးပေါ့နော" ဟု ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂမှ ခွန်းကောရီယို ကပြောသည်။

လက်ရှိတွင် ပုဒ်မ ၆(၁)ဖြင့် အချုပ်ကျနေသည့် ဒေါဆိုရှေးကျေးရွာမှ တောင်သူ အမျိုးသား ၈ ဦးနှင့် အမျိုးသမီး တစ်ဦးနှင့် လွိုင်ကော်မြို့နယ်မှ တောင်သူ ၃ ဦး စုစုပေါင်း ၁၂ ဦး ရှိသည်။ https://www.kantarawaddytimes.org/%e1%80%92%e1%80%b1%e1%80%ab%e1%80%86%

*************

၁၀။ **ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စောထူးကပေါ် ကွယ်လွန်**

20, October, 2019

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စောထူးကပေါ်သည် ၎င်း ၏ဇာတိ ကြာအင်းဆိပ်ကြီးမြို့ နေအိမ်တွင် အောက်တိုဘာလ ၁၉ရက် (ယမန်နေ့)ညက ကွယ်လွန်သွားကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တာဝန်ခံ စောမြဝင်းက အတည်ပြုပြောဆိုသည်။

"သူက နလုံးရောဂါနဲ့ ကျောက်ကပ်ရောဂါလည်း ရှိတယ်။ အသက်ရှူကြပ်လာပြီးတော့ မော်လမြိုင်ဆေးရုံပို့ဖို့ ကြာအင်းဆိပ်ကြီးမြို့အထွက်လေးမှာပဲ အမောဖောက်ပြီးတော့ ဆုံးသွားတာပါ။ အောက်တိုဘာ ၁၇ရက်နေ့က ဒေသဖွံ့ဖြိုးရေးနဲ့ ပါတီအရေး ကွင်းဆင်းရှင်းလင်းမှု လုပ်သွားသေးတယ်။ လွှတ်တော်မှာတော့ ဒေသဖွံ့ဖြိုးရေးအတွက်ဆို တွန်းတွန်းတိုက်တိုက် တောင်းဆိုတဲ့ သူတစ်ဦးပါ။ ပြည်သူ့ကိုယ်စားလှယ်တစ်ယောက် ဆုံးရှုံးလိုက်ရတယ်လို့ မြင်မိတယ်" ဟု စောမြဝင်းက ယနေ့ မနက်တွင် ကေအိုင် စီသို့ ပြောသည်။

ပြည်ခိုင်ဖြိုးပါတီဝင်လည်းဖြစ်သူ စောထူးကပေါ်သည် ကွယ်လွန်ချိန်တွင် အသက် ၄၃နှစ်ရှိပြီး ၎င်းသည် ပြည်နယ်လွှတ်တော်၏ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ စည်ပင်သာယာရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကော်မတီဝင် တစ်ဦးလည်း ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ မဲအနိုင်ရရှိပြီး လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင်လည်း ၎င်း၏မူလမဲဆန္ဒနယ်တွင် ထပ်မံ အရွေးခံရန် အဆိုပြုထားသူတစ်ဦးလည်း ဖြစ်ကြောင်း ပါတီ တာဝန်ရှိသူထံမှ သိရသည်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စောထူးကပေါ် ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သီသီအောင်နှင့် သားတစ်ဦး ကျန်ရစ်ခဲ့ပြီး ၎င်း၏ ဈာပန အစီအစဉ်ကို အောက်တိုဘာလ ၂၁ရက်နေ့တွင် ပြုလုပ်သွားမည်ဟု သိရသည်။ http://kicnews.org/2019/10/%e1%80%80%e1%80%9b%e1%80%84%e1%80 %b9%e1

*************

## ၁၁။ သိမ်းဆည်းခံ လယ်မြေများ ပြန်ရရှိရေး လယ်လုပ်ကိုင်သူများ ဆန္ဒထုတ်ဖော်ခဲ့

21, October, 2019

ဖားအံမြို့၊ ရဲသာကျေးရွာအုပ်စု၊ နောင်ခရိုင်ကျေးရွာတွင် ပြည်ထဲရေးဌာန လက်အောက်ခံ အကျဉ်းဦးစီးဌာန (တောင်ကလေး) က သိမ်းဆည်းထားသော လယ်မြေပြန်လည်ရရှိရေးအတွက် မူလလယ်လုပ်ကိုင်သူများ ဆန္ဒထုတ်ဖော်မှုတစ်ရပ်ကို အောက်တိုဘာလ ၁၉ ရက် (ယမန်နေ့)က ပြုလုပ်ခဲ့သည်။

ဖားအံ-မော်လမြိုင် ကားလမ်းမကြီးဘေးရှိ ကိုကလယ်ရွာ ဘုန်းကြီးကျောင်း မုဒ်ဝအနီးရှိ သိမ်းဆည်းမြေထဲတွင် ဦးဆောင်သူနှင့် မူလလယ်လုပ်ကိုင်သူ စုစုပေါင်း ၁၀ဦးကျော်က ဆန္ဒထုတ်ဖော်မှု ပြုလုပ်ခဲ့ကြရာ နိုင်ငံတော်သမ္မတက မူလ လယ်လုပ်ကိုင်သူများကို ပြန်လည် စွန့်လွှတ်ပေးရန် ညွှန်ကြားမှုရှိခဲ့သည့်အပေါ် လိုက်နာဆောင်ရွက်ပေးရေးနှင့် တောင်ကလေး အကျဉ်းဦးစီးအနေဖြင့် ၎င်းသိမ်းဆည်းမြေကို မူလပိုင်ရှင်များအား ပြန်လည်လုပ်ကိုင်ခွင့်ရရှိစေရေးများကို ကြွေးကြော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်မှု ဦးဆောင်သူများ၏ ပြောပြချက်အရ လယ်မြေ ၅၂ကေကျော်ကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ တောင်ကလေး အကျဉ်းဦးစီးဌာနက ပြီးခဲ့သည့် ၁၉၉၈-၉၉ခုနှစ်တွင် သိမ်းဆည်းခဲ့ပြီးနောက် ၂၀၁၂-၁၃ လယ်ယာမြေ ဥပဒေအရ ပုံစံ(၇) ထုတ်ပြီး မြို့နယ် မြေစာရင်းဦးစီးဌာနက တစ်ခါ ထပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

၂၀၁၇-၂၀၁၈ တွင် ပြေစာများ ထွက်လာခဲ့ပြီးဖြစ်သော်လည်း မူလ လယ်လုပ်ကိုင်သူများက ပြန်လုပ်ကိုင်ခွင့်မရှိသေးသည့်အတွက် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း ဦးဆောင်သူတစ်ဦးဖြစ်သည့် ၈၈ ကရင်ကျောင်းသားများ၏ လူမှုဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌဖြစ်သူ စောမောင်ကြီးက ကေအိုင်စီသို့ ပြောသည်။

ယင်းသို့ သိမ်းဆည်းခံထားသည့် လယ်မြေ ၅၂ ဧကမှာ ဖားအံမြို့နယ်အတွင်းရှိ ကမော့ကစင်၊ နောင်ခရိုင်၊ ကော့ခါးဒီးနှင့် ကော့ကူးကျေးရွာများမှ လယ်သမား ၁၆ ဦးက ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း ၈၈ ကရင်ကျောင်းသားများအဖွဲ့၏ မှတ်တမ်းအရ သိရသည်။ ထို့အပြင် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဖားအံမြို့၊ ဖွဲကပင်ခန်းမ၌ လယ်သမား ၆ ဦးအတွက် လယ်မြေ ၁၀.၅၈ ဧကကို အကျဉ်းဦးစီးဌာနက တရားဝင် ပြန်လည်လွှဲပြောင်းပေးမည့် အခမ်းအနား ပြုလုပ်သွားရန်ရှိသည်ဟုလည်း သိရသည်။ http://kicnews.org/2019/10/%e1%80%9e%e1%80%ad%e1%80%99%e1%80%b9%e1%80%

*************

၁၂။ **မြေယာ၊ သစ်တောသယံဇာတများကို မိရိုးဖလာစီမံခန့်ခွဲအုပ်ချုပ်မှုစနစ်ဖြင့်သာ နိုင်ငံအတွက်အကျိုးရှိဟု KNU ပြော**

21, October, 2019

မြေယာနှင့် သဘာဝသစ်တော သယံဇာတများကို ဌာနေတိုင်းရင်းသားတို့၏ အစဉ်အဆက်စီမံခန့်ခွဲအုပ်ချုပ်သည့်စနစ်သည် နိုင်ငံတော်၏ သစ်တော မြေယာသဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာမည့်စီမံကိန်းအတွက် အထောက်အကူပြုစေသည်ဟု အောက်တိုဘာလ ၁၈ ရက်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပေါ်ခလိုးဒေသ ကနဲယောရွာတွင် ပြုလုပ်သည့် ဌာနေတိုင်းရင်းသားတို့၏ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲအုပ်ချုပ်မှုစနစ် ဆွေးနွေးပွဲတွင် KNU-ကရင်အမျိုးသားအစည်းအရုံးက ပြောသည်။

KNU ဘိတ်-ထားဝယ်ခရိုင် အတွင်းရေးမှူး ပဒိုစောအယ်နားက "တနင်္သာရီတိုင်းမှာဆိုရင် KNU ထိန်းချုပ်နယ်မြေနဲ့ ဌာနေကရင်လူထုနေတဲ့ နေရာတွေပဲ သစ်တောတွေကျန်တယ်။ သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်ဟာ တိုင်းပြည်နဲ့ လူသားတွေအတွက် အရေးကြီးတာသိလို့ ဒီနေ့ အထိ ကျနော်တို့ထိန်းသိမ်းလာတာပါ။ သဘာဝသစ်တောတွေကို တိုင်းရင်းသားတွေရဲ့ အစဉ်အဆက်စီမံခန့်ခွဲအုပ်ချုပ်တဲ့စနစ်ဟာ တိုင်းပြည်အတွက် အထောက်အကူပြုစေတယ်" ဟု ကေအိုင်စီသို့ ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး စောလုကာက "မည်သည့်စီမံကိန်းမဆို ဌာနေတိုင်းရင်းသား နေရာမှာ လာလုပ်တဲ့အချိန်မှာ ပြည်သူလူထုတွေကို အကြောင်းကြား ရှင်းလင်းပြရမယ်။ သူတို့လက်ခံနိုင်မှသာလျှင် ကုမ္ပဏီဖြစ်ဖြစ် အစိုးရလုပ်ငန်းဖြစ်ဖြစ် လုပ်လို့ရတယ်ဆိုတာ ဥပဒေက ထွက်ပြီးသားပါ။ အဲ့တာနဲ့ ကျနော်တို့ ကာကွယ်ပေးနိုင်ပါတယ်။ ဌာနေတိုင်းရင်းသားတွေရဲ့ ရိုးရာပိုင်ဆိုင်မှု မိဘဘိုးဘွားလက်ငုတ်လက်ရင်းဟာတွေကို ပြန်ပြီးတော့ ထိန်းသိမ်းရမယ်" ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ ဌာနေ တိုင်းရင်းသားတို့၏ မြေယာသဘာဝသယံဇာတ သစ်တောများ မိရိုးဖလာစီမံခန့်ခွဲအုပ်ချုပ်မှုစနစ် ဆွေးနွေးမှုတွင် တနင်္သာရီတိုင်းဒေကြီးရှိ ပေါ်ခလိုးဒေသ၊ လေညာ-ဘုတ်ပြင်းဒေသမှ ဌာနေကရင်တိုင်းရင်းသားများနှင့် KNUမှ မြေယာ၊ သစ်တော တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များအပါအဝင် စုစုပေါင်း ၂၀၀ကျော် တက်ရောက်လာကြသည်။ http://kicnews.org/2019/10/%e1%80%b1%e1%80%bb%e1%80%99%e1%80%9a%e1%80%

*************

၁၃။ **ကျောက်မီးသွေးလောင်စာသုံး ဘိလပ်မြေစက်ရုံလည်ပတ်မှု ပိတ်သိမ်းရေး ဒေသခံများလိုလား**

22, October, 2019

ကျောက်မီးသွေးကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲအကျိုးဆက်များကို စိုးရိမ်မှုများရှိနေသည့်အတွက် ကရင်ပြည်နယ်ရှိ ကျောက်မီးသွေးလောင်စာသုံး ဘိလပ်မြေစက်ရုံလည်ပတ်နေမှုများကိုရပ်သိမ်းပေးရန် စက်ရုံအနီးဝန်းကျင်ကျေးရွာတွင် နေထိုင်သည့် ဒေသခံများက လိုလားမှုများရှိနေကြောင်း သိရှိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလဆန်းပိုင်းမှစတင်ကာ မြိုင်ကလေးဘိလပ်မြေစက်ရုံအနီးဝန်းကျင် ကျေးရွာများ တွင်ရှိသည့် အင်းအိုင် ချောင်းမြောင်းနှင့်ရေတွင်းအချို့တို့တွင် ဖြစ်ပေါ်ခဲ့သည့် ရေများမည်းနက်လာကိစ္စမှာ ကျောက်မီးသွေးကြောင့်ဟု ဒေသခံများဘက်က ယူဆမှုများရှိနေသည့်အတွက် ယခုကဲ့သို့ ပြောဆိုမှု များရှိ လာခြင်းဖြစ်သည်။

မြိုင်ကလေးကျေးရွာအုပ်စု မြိုင်ကလေးရွာကြီးရွာမှ ဒေသခံတစ်ဦးက " လက်ရှိကျနော်တို့ကျေးရွာမှာ ကျောက် မီးလောင်စာသုံး လည်ပတ်တဲ့ တန် ၄,၀၀၀ ရှိတယ်။ ဘာလို့စိုးရိမ်လည်းဆိုတော့ စက်ရုံက ရွာပေါင်း ၃၀ ကျော်ပတ်လည်ဝိုင်းထားတဲ့ အတွက်ကြောင့်ပါ။ ဒီကျောက်မီးသွေးလောင်စာသုံးလို့ ထွက်တဲ့အမှုန်အမွှား တွေကို ရွာတွေက အကုန်ခံစား ကြရမယ်။ ဒါကြောင့် ရေရှည်သားစဉ်မြေးဆက်အတွက် ဒီလိုလည်ပတ်တာ ကိုဆက်မလုပ်ဖို့ တောင်းဆိုလို ပါတယ်" ဟုပြောသည်။

ကရင်မြစ်ချောင်းစောင့်ကြည့်ရေးအဖွဲ့မှ စောသာဘိုးက "ကျနော်တို့က ဘိလပ်မြေစက်ရုံတစ်ခုလုံးကို ပိတ်ခိုင်း တာမဟုတ်ဘူး။ ကျောက်မီးသွေးနဲ့လည်ပတ်နေတာကို လုံးဝပိတ်သိမ်းပေးဖို့ပြောတာဖြစ်ပါတယ်။ အရင်လို ဂက်စ်နဲ့လည်တာဆိုဆက်လည်ပေးပါ။ ဒါမျိုးကို ကျနော်တို့ပြောတာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို လည်တာ တောင်မှ ထွက်ရှိလာတဲ့အမှုန်အမွှားတွေကို နည်းစနစ်တကျနဲ့နိုင်ငံတကာ အဆင့်မြင့်တင်ဖို့ တောင်းဆိုတာဖြစ်တယ်" ဟုပြောသည်။

လတ်တလောဖြစ်ပေါ်နေသည့် ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့များမှ ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်နေကြောင်းသာပြောဆိုပြီး ယနေ့အထိ တိကျသေချာသည့် အဖြေတစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်းမရှိသေးကြောင်းလည်း သိရသည်။ http://kicnews.org/2019/10/%e1%80%b1%e1%8 0%80%e1%8 0%ba%e1%80%ac%

************

၁၄။ **ကေအဲန်ယူနှင့် မွန်ပြည်သစ်ပါတီ တိုက်ပွဲထပ်မံ မဖြစ်ပွားရေး နှစ်ဖက်သဘောတူညီမှုအပြီး ပစ်ခတ်မှုထပ်မံဖြစ်ပွား**

22, October, 2019

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဗလဲ့ဒွန်ဖိုက်ရွာနှင့် ထီးဝါးဒို့ကျေးရွာအနီးတစ်ဝိုက်တွင် အောက်တိုဘာလ ၁၇ ရက်နေ့ က ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် အဲန်အမ်အက်စ်ပီ-မွန်ပြည်သစ်ပါတီတို့ နှစ်ဖက် တိုက်ပွဲများ နောင်တွင် မဖြစ်ပွားစေရန် သဘောတူညီချက် ရရှိပြီး နောက်တစ်နေ့ မနက်တွင် ပစ်ခတ်မှု ထပ်မံ ဖြစ်ပွားကြောင်း သိရသည်။

အောက်တိုဘာလ ၂၀ရက်နေ့တွင် ဘုရားသုံးဆူမြို့ရှိ ကေအဲန်ယူ ဆက်ဆံရေးရုံးတွင် မွန်ပြည်သစ်ပါတီတာဝန်ရှိသူများနှင့် ကေအဲန်ယူခေါင်းဆောင်များမှ နောက်နောင် တိုက်ပွဲမဖြစ်ရေးကို သဘောတူညီမှု ရရှိခဲ့ကြကြောင်း ကေအဲန်ယူ လက်အောက်ခံ KNLA-ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မဟာ(၆)၊ တပ်ရင်း (၁၆) တာဝန်ရှိသူများထံမှ သိရသည်။

"ထီးဝါးဒို့ရွာသားတစ်ယောက်က ရွာမှာဝက်စာပြန်ကျွေးတယ်။ သူ့ကို စနိုက်ပါသေနတ်နဲ့ လှမ်းပစ်တယ်။ ကျည်အမျိုးအစားသိချင်လို့ ထိပ်ဖူးကို သွားပြန်တူးတဲ့အချိန်မှာ လက်နက်ကြီးတွေနဲ့ ပစ်တယ်။ နာရီဝက်ကျော်လောက် ပစ်ခတ်မှု ပြန်ဖြစ်တယ်။"

ဟု KNLA တပ်ရင်း(၁၆)၊ တပ်ခွဲမှူး ဗိုလ်ကြီးစောဘိုဘိုထွန်းက အောက်တိုဘာလ ၂၁ရက်(ယမန်နေ့)က ကေအိုင်စီသို့ ပြောသည်။

နစ်ဖက်ပစ်ခတ်မှုဖြစ်ပွားလျှက်ရှိနေသည့် ထီးဝါးဒို့ရွာနှင့် ဗလဲ့ဒွန်ဖိုက်ရွာ အနီးတစ်ဝိုက်တွင် ဒေသခံရွာသားများ၏ သဘောထား အတိုင်း အလံ(ကရင်အလံ) ပြန်လည်စိုက်ထူသွားမည်ဖြစ်ပြီး နစ်ဖက်တပ်များ မူလနေရာတွင် နေကြရန်နှင့် နောက်နောင် စစ် မက်မဖြစ်ပွားရေး နစ်ဖက်သဘောတူညီထားသည်ဟုလည်း ကေအဲန်ယူ ဝင်းရေးမြို့နယ် တာဝန်ရှိသူများက ပြောသည်။

မွန်ပြည်သစ်ပါတီ ဗဟိုဝန်းကျင်ဒေသ တာဝန်ခံ နိုင်နယ်ထူးရာမာဉ်က "နစ်ဖက်စကားပြောကြရင် အဆင်ပြေတယ်လေ။ ဆွေး နွေးကြတာ၊ စကားပြောတာ ဘယ်လိုပြဿနာဖြစ်ဖြစ်ပေါ့။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနဲ့ပဲ ဆောင်ရွက်နေတာ လုပ် ကိုင်နေတာပါ။ လက်နက်နဲ့ မပစ်ကြပါနဲ့။ စားပွဲမှာ ဆွေးနွေးစကားပြောကြတာ ဖြစ်စေချင်တယ်။" ဟု ယနေ့(အောက်တိုဘာ ၂၂ ရက်)တွင် ကေအိုင်စီသို့ ပြောဆိုသည်။

၁၉၈၈ခုနှစ်နှောင်းပိုင်းက ဘုရားသုံးဆူးမြို့နှင့် တောင်ပေါက် ၂၄ရွာအား ကာကွယ်ရန် မွန်ပြည်သစ်တီပါတီနှင့် ကေအဲန်ယူတို့ ပူးပေါင်းစစ်ဆင်မှု ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ၂၀၁၆ခုနှစ်တွင် ၎င်းတို့နှစ်ဖွဲ့တပ်အချင်းချင်း နယ်မြေအငြင်းပွားမှု ပြဿနာကြောင့် ယနေ့အချိန်ထိ ပစ်ခတ်မှု ၁၅ကြိမ်နီးပါး ရှိခဲ့ကြောင်း နစ်ဖက် တာဝန်ရှိသူများထံမှ သိရသည်။ http://kicnews.org/2019/10/%e1%80%b1%e1%80%80%e1%80%a1%e1%80%b2%e1%80%

*************

၁၅။ **ကုလသမဂ္ဂ စွပ်စွဲထားသကဲ့သို့ ကလေးစစ်သားစုဆောင်းခြင်းမရှိဟု KNU/KNLA-PC ပြော**

22, October, 2019

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) ထိုးထားသည့် ကရင့်လက်နက်ကိုင်တပ်ဖွဲ့ တစ်ခု ဖြစ်သော ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA -PC) တွင် ကုလသမဂ္ဂ၌ စွပ်စွဲထားသကဲ့သို့ တပ်တွင်း ကလေး စစ်သား များ စုဆောင်းအသုံးပြုခြင်းမရှိဟု ကရင်ငြိမ်းချမ်းရေးကောင်စီ တာဝန်ရှိသူက ပြောကြားသည်။

ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အာရှလမ်းမအနီး Grade One Hotel ၌ ယနေ့ အောက်တိုဘာ လ ၂၂ ရက်နေ့ တွင် ပြုလုပ်သော ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA PC) တပ်ဖွဲ့ထိပ်ပိုင်းအရာရှိများနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် ကြီးလေးသောချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံ တင်ပြရေး နိုင်ငံအလိုက် အထူးတာဝန်အဖွဲ့ (Country Task Force on Monitoring and Reporting -CTFMR)နှင့် တွေ့ဆုံ ဆွေးနွေးပွဲတွင် KNU/KNLA -PC မှ ဒုတိယဗိုလ်မှူးကြီး စောကိုကြီးကျော်က မီဒီယာသို့ ပြောကြားခဲ့သည်။

"ကျနော်တို့ ကရင်ငြိမ်းချမ်းရေးကောင်စီ -KNU/KNLA -PC တပ်ဖွဲ့ကို ဗိုလ်ချုပ်ကြီး ထိန်မောင် ဦးဆောင်ပြီး ၂၀၀၇ ကတည်း က အစိုးရနဲ့ ငြိမ်းချမ်းရေး စတင်လုပ်ဆောင်ခဲ့သလို ဌာနချုပ်ထိုကော်ကိုးနဲ့ မယ်လကြားမှာ နစ်ဖက်သဘောတူညီချက်အရ အစိုးရတပ်စခန်းတွေ မရှိတဲ့အတွက် တိုက်ပွဲဖြစ်စရာအကြောင်းလည်းမရှိသလို ကလေးစစ်သား စုဆောင်းအသုံးပြုခြင်းလည်း မရှိပါဘူး။" ဟု ပြောသည်။

KNU/KNLA-PC သည် ယခင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA တပ်မဟာ ၇ တပ်မဟာမှူး ဗိုလ်ချုပ်ကြီး စောဌေးမောင်(ခ) စောထိန်မောင် ဦးဆောင်ပြီး ၂၀၀၇ ခုနှစ်တွင် KNU-ကရင်အမျိုးသား အစည်း အရုံးမှ ခွဲထွက်ကာ

နအဖစစ်အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့သည်။ လက်ရှိတွင် အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့်အတူ NCA အပစ်ရပ်စာချုပ် လက်မှတ်ထိုးထားသော ကရင်လက်နက်ကိုင် အဖွဲ့တစ်ခုဖြစ်သည်။ http://kicnews.org/2019/10/%e1%80%80%e1%80%af%e1%80%9c%e1%80%9e%e1%80%

*************

၁၆။ **ဒီဇင်ဘာလတွင် ပါတီရုံးများ အပြီးသတ်ဖွင့်လှစ်သွားမည်ဟု KNDP ပြော**

24, October, 2019

ကရင် တစ်ပြည်နယ်လုံးတွင် ယခုလာမည့် ဒီဇင်ဘာလအတွင်း ပါတီရုံးများ အပြီးသတ်ဖွင့်လှစ်သွားမည်ဟု ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ- KNDP ဒုဥက္ကဋ္ဌ(၁)ဖြစ်သူ စောမြတ်ထွဋ်ဝင်းက အောက်တိုဘာ ၂၄ ရက်(ယနေ့)တွင် ပြောဆိုသည်။

"မြို့နယ်ရုံး ၅ ရုံးဖွင့်ပြီးပြီ၊ ဖာပွန်မှာ ဆက်ဖွင့်ဖို့ရှိတယ်။ သံတောင်က (ပါတီ)ဆိုင်းဘုတ်တော့ ထောင်မယ်။ မြဝတီမှာ ခရိုင်ရုံး ဖွင့်ပြီးပြီ၊ ကျေးရွာတွေမှာလည်း ၅၀ ရာခိုင်နှုန်းဖွင့်ပြီးပြီ" ဟု KNDP ဒုဥက္ကဋ္ဌ(၁) စောမြတ်ထွဋ်ဝင်းက ကေအိုင်စီသို့ ပြောသည်။

လက်ရှိအချိန်တွင် KNDPမှ ဖားအံမြို့၌ ဗဟို၊ မြို့နယ်နှင့် အမှတ်(၆)ရပ်ကွက်ရုံး ၃ ရုံး၊ မြဝတီမြို့၌ ခရိုင်နှင့် မြို့ နယ်ရုံး ၂ ရုံး၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ လှိုင်းဘွဲမြို့တို့တွင် မြို့နယ်ရုံးများ၊ အထက်ပါမြို့နယ် ၅ မြို့ နယ်ရှိ ကျေးရွာအုပ်စုများနှင့် ကျေးရွာများတွင်လည်း ရုံးပေါင်းမြောက်များစွာ ဖွင့်လှစ်ထားရှိပြီဖြစ်ကြောင်း သိရသည်။

ပါတီရုံးများဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်ထောင်ခြင်းများ ပြုလုပ်နေသည့်အပြင် ပါတီစည်းရုံးရေး လုပ်ငန်းစဉ် များကိုပါ လုပ်ဆောင်နေသလို ကျန်ကရင်ပါတီများနှင့်လည်း မဲဆန္ဒနယ် မထပ်ရေးအတွက် သဘောတူ ညှိနှိုင်း မှုများ ပြုလုပ်နေသည်ဟုလည်း KNDP တာဝန်ရှိသူများက ပြောဆိုသည်။

လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကရင်ပါတီများအချင်းချင်း မဲဆန္ဒ ထပ်နေသည့် နယ်များစွာရှိခဲ့ပြီး ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တွင် KPP လွှတ်တော်အမတ် တစ်ဦး မှလွဲ၍ ကရင်ပါတီဝင်များ အားလုံး အရေးနိမ့်ခဲ့သည်။ http://kicnews.org/2019/10/%e1%80%92%e1%80%ae%e1%80% 87%e1%80

**************

၁၇။ **ကချင်လူငယ် ၂ ဦး၏ အယူခံကို ပြည်နယ်တရားရုံး ပယ်ချ**

19, October, 2019

ကချင်စစ်ဘေး ၈ နှစ်ပြည့် အထိမ်းအမှတ်ပွဲ ပြုလုပ်တာကြောင့် ထောင်ချခံခဲ့ရတဲ့ လူငယ်ခေါင်းဆောင် ၂ ဦးရဲ့ အယူခံတင်ပြမှုကို ပြည်နယ်တရားလွှတ်တော်က ပယ်ချလိုက်ပါတယ်။

မဆိုင်းနူးပန်နဲ့ ကိုပေါလု တို့ ၂ ဦး အပြစ်မရှိကြောင်း အယူခံကို အောက်တိုဘာလ ၁၇ ရက်နေ့တင်ပြခဲ့ရာ အဲဒီနေ့မှာပဲ ပြည်နယ်တရားရုံးက ပယ်ချခဲ့တာပါ။

"ကချင်ပြည်နယ်တရားစီရင်ရေးက ယုံကြည်စရာမရှိတော့ဘူးဆိုတဲ့ အဖြေတစ်ခုတော့ ရခဲ့ပါတယ်။ တကယ်လည်း ကျမတို့ အပြစ်မရှိကြောင်း ပြင်ဆင်မှုလျှောက်ပေမဲ့ သူတို့က အချည်းနှီး ပြန်ပလပ်လိုက်တယ်။" ဟု ထောင်ဒဏ် ၁၅ ရက်ချခံခဲ့သော မဆိုင်းနူးပန်ပြောပါတယ်။

ဒါကြောင့် နေပြည်တော် တရားလွှတ်တော်ရုံးအထိ အယူခံတင်ပြသွားမယ်လို့ ပြောပါတယ်။

"အထိမ်းအမှတ်နေ့ ပြုလုပ်တာကို ဆန္ဒဖော်ထုတ်တာဆိုပြီး တံဆိပ်ကပ်တာလေ။ အဲဒီဟာကနောက်နောင် အထိမ်းအမှတ် ပွဲလုပ်တိုင်း ငြိမ်းစုစီတင်ရမလိုဖြစ်နေတဲ့သဘောဖြစ်လာတော့ ကျနော်တို့ဒါကို အားလုံးအတွက်ကောင်းဖို့၊ သူတို့ကိုယ်တိုင် လည်း အပြစ်မရှိဘူးလို့ပြောထားတယ်။" ဟု လူငယ် ၂ ဦး၏ ရှေ့နေ တရားလွှတ်တော်ရှေ့နေ ဦးဂျီမာခါး ပြောပါသည်။

ကချင်စစ်ဘေး ၈ နှစ်ပြည့်တဲ့ ဇွန်လ ၉ ရက်နေ့မှာ စစ်ဘေးရှောင်လူငယ်တွေက လမ်းဘေးတေးသရုပ်ဖော်ခဲ့ပါတယ်။ အဲဒီ အစီအစဉ်မှာ ဦးဆောင်ခဲ့တဲ့ ကိုပေါလုနဲ့ မဆိုင်းနူးပန်တို့ ၂ ဦးကို စက်တင်ဘာလ ၂ ရက်နေ့မှာ ထောင်ဒဏ် ၁၅ ရက် ချမှတ်ခဲ့တာပါ။ https://burmese.kachinnews.com/2019/10/19/%e1%80%80%e1%80%81%e1%80%ba%e1%

*************

### ၁၈။ အရက်သောက်ပြီး ပိုက်ဆံမရှင်းဘဲ သေနတ်ပစ်ဖောက်သည့် BGF တပ်ဖွဲ့ဝင်နှစ်ဦးကို ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့ဝင်များဖမ်းဆီး

19, October, 2019

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာရှိ အရက်ဆိုင်တစ်ဆိုင်တွင် အရက်သောက်ပြီး ပိုက်ဆံမရှင်းဘဲ သေနတ် ဖောက်သည့် BGF တပ်ဖွဲ့ဝင်နှစ်ဦးကို ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့ဝင်များက အောက်တိုဘာလ ၁၉ ရက် နေလယ်ပိုင်းက ရန်ကုန်-မော်လမြိုင် ကားလမ်းမပေါ်ရှိ မဟာဗောဓိဘုရားရှေ့၌ ဖမ်းဆီးခဲ့ကြောင်း ကျွဲခြံကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ပြောသည်။

"အရက်ဆိုင်ကို လာတယ် အရက်သောက်ပြီးတော့ ပိုက်ဆံမပေးဘူး၊ ထသောင်းကျန်းတယ်၊ ပြဿနာရှာပြီး အရက်ဆိုင် ကနေ ထွက်လာပြီးတော့ မိုးပေါ်ကို တစ်ယောက်က သေနတ်နှစ်ချက်ပစ်လိုက်တယ်၊ သေနတ်ပစ်တော့ နယ်ထိန်းကို ဖုန်းဆက် လိုက်တယ်၊ ခဏနေကျတော့ နယ်ထိန်းရောက်လာတယ်၊ နယ်ထိန်းကနေ တစ်ဆင့် မြို့မရဲစခန်း စခန်းမှူးကို ဖုန်းဆက်လိုက် တယ်၊ ၁၅ မိနစ်ကြာတော့ စခန်းမှူးနှင့်အဖွဲ့ရောက်လာတယ်၊ သူတို့ကျည်အပြည့်ထိုးတဲ့အတွက် သူတို့ကိုဖမ်းဖို့အတွက် အန္တရာယ်ရှိလို့ သူတို့ရဲ့မလှမ်းမကမ်း မလှမ်းမကမ်းလိုက်ကာ သူတို့က သေနတ်ကို တစ်လမ်းလုံး မိုးပေါ်ထောင် ဖောက်သွား တယ်" ဟု ကျွဲခြံအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ဆိုသည်။

သေနတ် ပစ်ဖောက်သည့် BGF တပ်ဖွဲ့ဝင်နှစ်ဦးတို့သည် အောက်တိုဘာလ ၁၆ ရက်နေ့က ကရင်ပြည်နယ်၊ ကတိုင်ထိမှ ရတခ (မော်လမြိုင်) သို့ လေးလပတ်အစည်းအဝေးတက်ရောက်ရန် ၎င်းတို့၏ တပ်မှူးဖြစ်သော ဗိုလ်မှူးလှကြိုင် နှင့်အတူ လိုက်ပါ ခဲ့ကြောင်း၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပေါင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ မုကျိုကျေးရွာ အသိအိမ်တစ်အိမ် တွင် တည်းခိုနေထိုင်ရန် တပ်မှူးမှ နေရာချထားပေးပြီးနောက် ယခုလို ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပေါင်မြို့နယ်၊ မြို့မရဲစခန်းမှ သိရသည်။ http://burmese.monnews.org/2019/10/20/%e1%80%a1%e1%80%9b%e1%80%80%e1%80%

**************

## ၁၉။ အငြင်းပွားပြဿနာဖြစ်ခဲ့သော ဗလဲ့ဒွန်ဖိုက်နှင့် ထီးဝါးဒို့ရွာနယ်နိမိတ်ကို KNU & NMSP ခေါင်းဆောင်များရှေ့မှောက်တွင် သတ်မှတ်အတည်ပြု

23, October, 2019

မွန်ပြည်သစ်ပါတီ NMSP နှင့် KNU တို့ အောက်ခြေတပ်ဖွဲ့များအကြား အငြင်းပွားပြဿနာဖြစ်ခဲ့ရသည့် ဘုရားသုံးဆူမြို့နယ် ဗလဲ့ဒွန်ဖိုက်ရွာနှင့် ထီးဝါးဒို့ရွာနယ်နိမိတ်ဧရိယာကို သက်ဆိုင်ရာရွာအကြီးအကဲများ သဘောတူညီချက်ဖြင့် နှစ်ဖက်ခေါင်းဆောင်များရှေ့မှောက်တွင် ယမန်နေ့အောက်တိုဘာ ၂၂ ရက်နေ့လည်ပိုင်းက သတ်မှတ်အတည်ပြုခဲ့ကြောင်း စုံစမ်းသိရှိရသည်။

KNU တပ်မဟာ ၆ ဥက္ကဋ္ဌ နှင့် မွန်ပြည်သစ်ပါတီ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဗညားမဲ့စန်း ဦးစီး၍ နှစ်ဖက်တပ်ရင်းမှူးများအပါအဝင် အခင်းဖြစ်ပွားခဲ့သော ဗလဲ့ဒွန်ဖိုက်ရွာအစွန်သို့ ယမန်နေ့က မြေပြင်အနေအထား ကွင်းဆင်းလေ့လာပြီး နှစ်ဖက်ရွာအကြီးအကဲများ သဘောတူညီမှုဖြင့် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

"နောက်ပြီးတော့ ရွာသားတွေ သူတို့နေအိမ်ကို ကောင်းကောင်းမွန်မွန်ပြန်ပြီး နေထိုင်နိုင်အောင် စီစဉ်နေပါတယ်၊ မိုင်းတွေထောင်ထားတာရှိရင်လည်း ပြန်လည်ရှင်းလင်းပေးဖို့၊ လမ်းတွေ ခြံတွေထဲမှာ မိုင်းပေါက်ကွဲလို့ထိခိုက်မှုတွေဖြစ်ပေါ်ခဲ့ရင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းက တာဝန်ယူပေးရမယ်ဆိုတဲ့ အချက်တွေကိုပါ သဘောတူခဲ့တယ်" ဟု မွန်ပြည်သစ်ပါတီ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက မွန်သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၁၇ ရက်နေ့ကတစ်ကြိမ်၊ ၂၁ ရက်နေ့တွင်တစ်ကြိမ် ဗလဲ့ဒွန်ဖိုက်နှင့် ထီးဝါးဒို့ရွာအစွန်၌ တိုက်ပွဲ ၂ ကြိမ်ဖြစ်ပွားခဲ့ရာတွင် နှစ်ဖက်တပ်ဖွဲ့မှ အကျအဆုံးရှိခဲ့သည်။ http://burmese.monnews.org/2019/10/23/%e1%80%a1%e1%80%84%e1%80%bc%e1%80%

*************

## ၂၀။ NCA ထိုးရန် ယုံကြည်မှု ပြဿနာ ရှိနေဆဲဖြစ်ကြောင်း KNPP ပြော

19, October, 2019

ကြုံတွေ့နေရသည့် ပြည်နယ်အတွင်းရှိ မြေပြင်အခြေအနေများသည် ယုံကြည်မှုကို ကျဆင်းစေသည့်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် NCA ကို လက်မှတ်ရေးထိုးနိုင်ရေးမှာ ခက်ခဲနေဆဲဖြစ် သည်ဟု ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP က ပြောသည်။

KNPP ပြောရေးဆိုခွင့်ရှိသူ ခုနယ်ပလိုးက "ကျနော်တို့ ပြည်နယ်ထဲမှာ ဖြစ်နေတဲ့ ကိစ္စတွေ အများကြီးပေါ့နော သတင်းထဲမှာ သိနေကျ တဲ့ဟာတွေက ယုံကြည်မှုကို ကျဆင်းစေတယ် ကျနော်တို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းနေတဲ့ အဖွဲ့မို့လို့သာ ဆက်ပြီးတော့ ပုံမှန်တွေ့ဆုံညှိနှိုင်းနိုင်တာ ဒါပေမယ့် တကယ်မြေပြင်မှာကျတော့ ယုံကြည်မှုတွေ ကျဆင်းစေတဲ့ အကြောင်းအရာတွေရှိနေတော့ အဲဒီ ယုံကြည်မှုကို ကျနော်တို့ ပြန်မြှင့်တင်ဖို့လိုတယ်" ဟုပြောသည်။

ထို့အပြင် NCA အကောင်အထည်ဖော်မှုဆိုင်ရာ အပိုင်းများတွင်လည်း တစ်ဆို့မှုများ ရှိနေမည်ဆိုပါက KNPP အပါအဝင် အပစ်မရပ်ထားသည့် အဖွဲ့များအတွက် NCA လက်မှတ်ရေးထိုးရေးမှာ ပို၍ ခက်ခဲလာနိုင်သည်ဟု ခုနယ်ပလိုး က ဆက်ပြောသည်။

ယမန်နေ့က KNPP နှင့် အစိုးရကိုယ်စားလှယ်တို့၏ တွေ့ဆုံဆွေးနွေးမှုတွင် ပြည်နယ်အဆင့် ပြည်ထောင်စုအဆင့် အပစ်ရပ်လက်မှတ်ရေးထိုးစဉ်က သဘောတူညီထားသည့် ကိစ္စရပ်များအားအကောင်အထည်ဖော်မှု ဆိုင်ရာအကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်သည့် နည်းလမ်းများအကြောင်း၊ အစရှိသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်ဟု နှစ်ဖက်ခေါင်းဆောင်များက ပြောသည်။

ထို့အပြင် KNPP ဖက်မှ NCA လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်သည့် အဆိုပြုချက်တစ်ခုကို အစိုးရ ငြိမ်းချမ်းရေးကိုယ်စားလှယ်များထံ ပေးအပ်ခဲ့သည်ဟု နိုင်ငံတော် သမ္မတရုံး ပြောခွင့်ရပုဂ္ဂိုလ် ဦးဇော်ဌေး က ပြောသည်။

ထိုင်းနိုင်ငံ ချင်းမိုင်တွင်ပြုလုပ်ခဲ့သည့် အစိုးရငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ နှင့် တိုင်းရင်းသား လက်နက် ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲတွင် အပြုသဘောဆောင်သည့် ရလာဒ်များကို ရရှိခဲ့သည်ဟု ခေါင်းဆောင်များက ပြောသည်။ http://www.nmg-news.com/2019/10/19/9084

************

## ၂၁။ ပူတာအိုရှိ တိုင်းရင်းသားစာပေသင် ဆရာအချို့ လနှင့်ချီ၍ လစာမရ

19, October, 2019

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းက အစိုးရစာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားပေးနေသည့် ကျောင်းဆရာ/မ များသည် ကျောင်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့အချိန်အထိ လုပ်ခလစာများမရကြသေးဘူးဟု ဆရာ/မ များ က ပြောသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းစတင်ဖွင့်ချိန် ဇွန်လမှစတင်ကာ အောက်တိုဘာလ(ယနေ့)အချိန်ထိ လုပ်ခလစာများ မရရှိကြသေးခြင်းဖြစ်သည်ဟု ကျောင်းဆရာ/မ များ က ပြောသည်။

ဆွမ်ပရာဘွမ်မြို့ရှိ အစိုးရအထက်တန်းကျောင်းတွင် ဂျိမ်းဖောစာသင်ကြားပေးနေသည့် ဆရာဦးဇော်နန်က "လခကတော့ ကျောင်းစဖွင့်ကတည်းက အခုချိန်ထိ မရသေးတာပါ။ စာကတော့ နေ့စဉ်ပုံမှန် သင်ပေးနေပါတယ်။ ကျောင်းစဖွင့်ချိန်ကနေ ဒီနေ့ ၁၀ လပိုင်းအထိ စာသင်ပေးနေတာပါ။ မူလတန်းကျောင်း ကလေးတွေကို သင်တာပါ။ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကလေးတွေကို ဂျိမ်းဖော စာသင်ပေးတာပါ။ ဒီမှာတော့ ကျနော်နဲ့ ဆရာမတစ်ယောက်ပေါ့" ဟု ပြောသည်။

ဆွမ်ပရာဘွမ်မြို့တွင် အထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း (၁၀) ကျောင်းခန့်ရှိပြီး အဆိုပါကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားပေးနေသူ ဆရာ/မ (၁၀) ဦး ခန့်ရှိသည်ဟု ပြောသည်။

ဆွမ်ပရာဘွမ်မြို့ရှိ အစိုးရစာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေကို ၂၀၁၆ ခုနှစ်မှ စတင်သင်ကြားခွင့်ရခဲ့သည်ဟု ဆရာဦးဇော်နန် က ပြောသည်။ ဆွမ်ပရာဘွမ်မြို့ရှိ အစိုးရစာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေများဖြစ်ကြသည့် ဂျိမ်းဖောစာပေ၊ လီဆူစာပေများကို သင်ကြားပေးနေသည်ဟု ဆရာဦးဇော်နန်က ပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ အစိုးရစာသင်ကျောင်းများတွင် ကချင်စာပေ အပါအဝင် အခြားတိုင်းရင်းသားစာပေများအား သင်ကြားပို့ချပေးရန် သက်ဆိုင်ရာ စာပေရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အစိုးရပညာရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင် ရွက်နေခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်းရှိ အစိုးရစာသင်ကျောင်းများတွင် ကချင်တိုင်းရင်းသားမျိုးနွယ်စု ၆ မျိုးနှင့် ရှမ်းတိုင်းရင်းသားများ၏ သက်ဆိုင် ရာ စာပေများ သင်ကြားပေးလျက်ရှိသည်ဟု သိရသည်။ www.nmg-news.com/2019/10/19/9087

*************

## ၂၂။ မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့နှင့် အစိုးရ တပ်မတော်တို့ တွေ့ဆုံမှုကို နိုဝင်ဘာသို့ ရွှေ့ဆိုင်း

22, October, 2019

မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့ နှင့် အစိုးရ၊ တပ်မတော်တို့ ပဏာမ အပစ်ရပ် နှစ်ဦးသဘောတူ (Bilateral) လက်မှတ်ရေးထိုး နိုင်ရန် တွေ့ဆုံဆွေးနွေးမည့် အချိန်ကို နိုဝင်ဘာလအတွင်းသို့ ရွှေ့ဆိုင်းထားသည်ဟု ကချင်ငြိမ်းချမ်းရေး အကျိုးတော်ဆောင် အဖွဲ့ PCG က ပြောသည်။

ကချင်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ PCG မှ ပြောရေးဆိုခွင့်ရှိသူ ဦးလမိုင်ဂွမ်ဂျာ က "နောက်လပေါ့၊ ဒီနိုဝင်ဘာလ ပထမအပတ်၊ ဒုတိယအပတ်လောက်မှ တွေ့ဆုံဖြစ်မယ်လို့ပဲ အကြမ်းဖျင်း သိရသေးတယ်။ ရက်အတိအကျတော့ မသိရသေး ပါဘူး။ အစိုးရဘက်က ဆွေးနွေးပွဲတွေရှိတော့ အချိန် အဆင်မပြေသေးလို့ မတွေ့ဖြစ်တာပါ" ဟု ပြောသည်။

မူလက မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့ နှင့် အစိုးရ၊ တပ်မတော်တို့ အောက်တိုဘာလအတွင်း တွေ့ဆုံဆွေး နွေးရန် နှစ်ဖက် သဘောတူထားသော်လည်း အစိုးရ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များဖက်မှ ဆွေးနွေးပွဲများ ဆက်တိုက်ရှိ နေသည့်အတွက် မအားလပ်သောကြောင့် နိုဝင်ဘာလသို့ ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်ဟု PCG က ဦးလမိုင် ဂွမ်ဂျာက ပြောသည်။

"ဒီတိုင်းရင်းသားအဖွဲ့တွေဘက်က အဆင်မပြေလို့လည်း မဟုတ်ဘူး။ ဒီအခု ကချင်မှာဖြစ်နေတဲ့ တိုက်ပွဲတွေကြောင့်လည်း မဟုတ်ဘူး။ တဖက်က အချိန်အဆင်မပြေသေးတော့ နောက်တစ်ဖက်က စောင့်ရတာမျိုးပါပဲ။ ဘာပြဿနာမှ ရှိလို့မဟုတ်ဘူး။ စိုးရိမ်စရာလည်း မရှိပါဘူး။ သေချာတာကတော့ နောက်လထဲမှာ တွေ့ဆုံဖြစ်မှာပါ။"

စက်တင်ဘာလ ၁၇ ရက်နေ့က ပြုလုပ်သည့် ကျိုင်းတုံ တွေ့ဆုံဆွေးနွေးပွဲတွင် အချက် ၇ ချက်ကို သဘော တူညီခဲ့ကြပြီး အောက်တိုဘာလအတွင်း ထပ်မံတွေ့ဆုံဆွေးနွေးရန်နှင့် အချိန်၊ နေရာနှင့် ရက်ကို ဆက်လက် ညှိနှိုင်းရန် နှစ်ဖက် သဘော တူထားခဲ့သည်။ သို့သော် အစိုးရဖက်မှ တွေ့ဆုံဆွေးနွေးမည့် ကိုယ်စားလှယ်များ မအားလပ်သည့်အတွက် ဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်ဟု PCG က ပြောသည်။

အစိုးရ၊ တပ်မတော်နှင့် Bilateral အပစ်ရပ်စာချုပ် ချုပ်ဆိုနိုင်ရန် ညှိနှိုင်းလျက်ရှိသည့် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့မှာ ကချင်လွတ်လပ်ရေးအဖွဲ့ KIO/KIA၊ ရက္ခိုင့်တပ်တော် ULA/AA၊ မြန်မာအမျိုးသားများ ဒီမိုကရက် တစ် တပ်ပေါင်းစု တပ်မတော် (MNTJP/ MNDAA- ကိုးကန့်အဖွဲ့)၊ တအန်း(ပလောင်) အမျိုးသား လွတ် မြောက်ရေး တပ်မတော် PSLF/ TNLA တို့ ဖြစ်ကြသည်။

၎င်းမြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့သည့် မြောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ FPNCC ၏ အဖွဲ့ဝင်များလည်းဖြစ်သည်။ http://www.nmg-news.com/2019/10/22/9130

************

## ၂၃။ ကျောက်မဲ DENKO စက်သုံးဆီဆိုင် လက်လုပ်မိုင်းတု ဖြင့် ခြိမ်းခြောက်ခံရ

21, October, 2019

သျှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့DENKO စက်သုံးဆီ ဆိုင်တွင် လက်လုပ်မိုင်း အတုဖြင့် ခြိမ်းခြောက်ခံရကြောင်း သတင်းရရှိသည်။

ယနေ့ အောက်တိုဘာ ၂၁ ရက် မနက်ပိုင်းတွင် ကျောက်မဲမြို့အဝင် ပြည်ထောင်စု လမ်းမကြီးဘေးရှိ DENKO စက်သုံးဆီ ဆိုင်တွင် လက်လုပ်မိုင်းအတုဖြင့်ခြိမ်းခြောက်ကာ ငွေကျပ် (၁၀) သိန်းတောင်းခံရန်ကြိုးစားခဲ့ကြောင်း စိုင်းထွန်း ပြောသည်။

" ကျနော်သိရသလောက်တော့ မနက်မှာ သန့်ရှင်းရေးလုပ်တဲ့ သူက အဲ့စာကို မြင်လိုက်တာ။ အိမ်သာထဲမှာ မိုင်းထောင်ထား တယ်။ ခလုတ်တချက်နှိပ်ရင် မိုင်းပေါက်မယ်။ တောင်းတဲ့ငွေလာပေးပါ ဆိုတဲ့စာပါ" ဟု စိုင်းထွန်း က ပြောသည်။

လက်ရှိအချိန်မှာ အဆိုပါခြိမ်းခြောက်စာကို မည်သူကလာရောက်ချထားပြီး လက်လုပ်မိုင်းအတုကို မည်သည့်အဖွဲ့က လာ ထောင်သည်ကို စုံစမ်းနေဆဲ ဖြစ်ကြောင်း ကျောက်မဲမြို့မ ရဲစခန်း မှ တာဝန်ရှိသူတဦး က ပြောသည်။

ထို့ပြင် ယမန်နေ့ ညတွင်လည်း သျှမ်းပြည်နယ်မြောက်ပိုင်း သျှမ်းလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏ လူမှုကွန်ရက် ( facebook) တွင် ခြိမ်းခြောက်ခံရကြောင်း သိရသည်။ https://burmese.shannews.org/archives/14339

*************

## ၂၄။ ဖခင် အရင်းကို သားဖြစ်သူက ဓါးဖြင့် ထိုးသတ်

22, October, 2019

သျှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ် တုံးလည်ကျေးရွာ အုပ်စု တောင်ပို့ကြီးကျေးရွာတွင် သားဖြစ်သူက ဖခင်ကို အရက်မူး ပြီး ဓါးဖြင့်ထိုးသတ်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက်က အသက် ၃၄ နှစ် အရွယ် သားဖြစ်သူ မောင်ဆန်းမွန်းသည် အရက်သောက်စားပြီး နေအိမ်အပြန် အသက် ၅၅ နှစ်အရွယ် ဖခင်ဖြစ်သူ ဦးဝင်း နှင့် စကားများရာမှ ဖခင်ဖြစ်သူအား ဓါးဖြင့်ထိုးသတ်လိုက်ကြောင်း နမ့်ပန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်နေလင်းအောင်က သျှမ်းသံတော်ဆင့် သို့ပြောသည်။

" သားအဖ ၂ ယောက်တည်းနေတယ်။ အမြဲတမ်းရန်ဖြစ်နေကျပါ။ စကားများတော့ ဖခင်ဖြစ်သူက သူ့ရဲ့ညီမ (ဓါးထိုး သူရဲ့ဒေါ်လေး) အိမ်ရှောင်ထွက်သွားတယ်။ ညီမအိမ်ရှေ့ရောက်တော့ သားကနောက်ကနေ လိုက်လာပြီး ပါလာတဲ့ ဓါးနဲ့ ထိုး လိုက်တာပါ" ဟု ရဲအုပ် နေလင်းအောင် က ရှင်းပြသည်။

သားဖြစ်သူသည် အရိုးအသွား ၁၄ လက်မ ခန့်ရှိ ဓါးဖြင့် ဖခင်ဖြစ်သူ၏ ရင်ညွှန့်ကို ထိုးလိုက်ကာ ဖခင်ဖြစ်သူ ဦးဝင်း အခင်းဖြစ် သည့်နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိမှာတော့ မောင်ဆန်းမွန်းကို နမ့်ပန်နယ်မြေရဲစခန်းတွင် (ပ)၄၁/၂၀၁၉။ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေး ယူထားကြောင်း နမ့်ပန်နယ်မြေစခန်းမှူး ရဲအုပ် နေလင်းအောင် က ပြောသည်။ https://burmese.shan news.org/archives/14350

***************

## ၂၄။ နမ္မ မြစ်ပေါ် ရေကာတာတည်ဆောက်မှုအား ဒေသခံများကန့်ကွက်လက်မှတ်ထိုး

22, October, 2019

သျှမ်းပြည် မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ နမ္မမြစ်ပေါ် ရေကာတာ တည်ဆောက်မှုအား ဆန့်ကျင်ကန့်ကွက်သူ ဒေသခံများ၏ လက်မှတ်များအား ကောက်ယူကာ သက်ဆိုင်ရာသို့ပေးပို့သွားမည် ဟု သိရသည်။

သီပေါမြို့နယ် အတွင်းရှိ နမ္မမြစ်ပေါ် ရေကာတာတည်ဆောက်ရန် ကြိုးစားနေသော Unienergy ကုမ္ပဏီမှ ဒေသခံပြည်သူအား တွေ့ဆုံရန်ကြိုးစားနေမှုကို ကန့်ကွက်သည့်အနေဖြင့် ဒေသခံများထံလက်မှတ်ကောက်ယူနေကြောင်း နမ္မဒေသခံ သျှမ်းလူငယ်ခေါင်းဆောင် စိုင်းသိန်းမြင့် က သျှမ်းသံတော်ဆင့် သို့ ပြောသည်။

" အခုက ကုမ္ပဏီတွေက ကျေးရွာတွေမှာ သွားပြီးတွေ့ဆုံဖို့ကြိုးစားနေတယ်။ ဒါကြောင့် မနေ့က ကျနော်တို့ ဒေသခံတွေဆီ ရောက်သွားတော့ သူတို့လည်း အလိုမရှိကြောင်းပြောကြတာနဲ့ ကုမ္ပဏီ ကိုဆန့်ကျင်ကန့်ကွက်တဲ့ လက်မှတ်ကောက်လာတာပါ" ဟု စိုင်းသိန်းမြင့် ကဆိုသည်။

"ကျနော်တို့ ရွာကတော့ ရေကာတာတည်ဆောက်မယ့် ဘယ်အဖွဲ့ကိုမဆို ကန့်ကွက်သွားမယ်။ တွေ့ဆုံဖို့လည်းလက်မခံဘူး" ဟု နမ္မ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းပီး က ပြောသည်။

ရေကာတာ တည်ဆောက်မည့် နေရာသည် ၂၀၁၆ ခုနှစ်တွင် မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင် များအကြား မကြာခဏ ပဋိပက္ခ ဖြစ်ပွားသည့် နေရာဖြစ်သည်။ https://burmese.shannews.org/archives/14355

*************

## ၂၅။ ခေးနင်းကျောင်းထိုင်ဆရာတော် ပစ်သတ်ခံရသည့် ကိစ္စ တအာင်းသံဃာတော်များကန့်ကွက်ရှုံ့ချ

October 22, 2019

သျှမ်းပြည် မြောက်ပိုင်း လားရှိုးမြို့နယ် ခေးနင်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား အမည်မသိသေနတ်သမားမှ လုပ်ကြံသတ်ဖြတ်ခဲ့သည့် ကိစ္စ တအာင်း သံဃာတော်များအနေဖြင့် ကန့်ကွက်ရှုံ့ချကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

အောက်တိုဘာလ ၂၁ ရက် မြန်မာနိုင်ငံလုံးဆိုင်ရာ တအာင်းသံဃာတော်များအဖွဲ့ (ဗဟို) က ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

လားရှိုးမြို့နယ် ခေးနင်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတ (ဓမ္မာစရိယ) အား အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ဆိုင်ကယ်မောင်းလာသည့် သေနတ်သမား၂ ဦး က သေနတ် ၅ ချက် ပစ်ခတ်သဖြင့် ဆရာတော် နေရာတွင်ပင် ပွဲချင်းပြီး ပျံလွန်တော်မူခဲ့သည်။

၄င်းနှင့်ပတ်သက်ပြီး အမှန်တရား အမြန်ဆုံးပေါ်ပေါက်လာစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ကြိုးစားဆောင်ရွက်ပေးရန်လည်း တအာင်း သံဃာတော်များ အဖွဲ့(ဗဟို) က တောင်းဆိုလိုက်သည်။

ထို့ပြင် တအာင်းစာပေသင်တန်း၊ သျှမ်းစာပေသင်တန်း နှင့် နွေရာသီ ကာလ အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှု လိမ္မာသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပို့ချရင်း သာသနာပြုလုပ်ငန်း ဆောင်ရွက်သည့် ဆရာတော်တပါးဖြစ်သည်။ https://burmese.shannews.org/archives/14365

****************

## ၂၆။ မိုင်းခုတ် ကျောက်မီးသွေးစီမံကိန်း ဒေသခံများ အလိုမရှိကြောင်း ဆုတောင်းပွဲပြုလုပ် ဆန္ဒထုတ်ဖော်

23, October, 2019

သျှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေမည့် ကျောက်မီးသွေး တူးဖော်ရေးစီမံကိန်းအတွက် ဒေသခံပြည်သူများကန့်ကွက်သည့် အနေဖြင့် ဆုတောင်းပွဲ ပြုလုပ်ခဲ့ ကြောင်းသိရသည်။

ဆုတောင်းပွဲလုပ်ခြင်းဖြင့် ဆန္ဒထုတ်ဖော်မှုကို မိုင်းခုတ်မြို့နယ် အတွင်း မိုင်းဖုန်းဆရာတော် တည်ထားသည့် စိုင်မိန်းဓာတ်တော် စေတီတော်တွင် အောက်တိုဘာ ၂၂ ရက်နေ့က ပြုလုပ်ခဲ့ပါသည်။

ကျောက်မီးသွေး စီမံကိန်းကြောင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းကို ကာကွယ်သည့် အနေဖြင့် မိမိတို့ယုံကြည် ကိုးကွယ်သည့် ဘာသာလေ့ရိုးရာ ဆုတောင်းခြင်းဖြစ်ကြောင်း မိုင်းခုတ်မြို့ခံ ဦးစိုင်းလုံ က ပြောသည်။" ကျနော်တို့ ဆုတောင်း ပွဲပြုလုပ်ရခြင်းကတော့ ဘေးအန္တရာယ် ဝေးကွာစေဖို့နဲ့ ကျောက်မီးသွေးတွေကို မူလအတိုင်းဆက်လက်တည်ရှိစေဖို့ဘဲ ဖြစ်ပါ တယ်။ ကျောက်မီးသွေးတူးရင်ကျနော်တို့ရဲ့ လုပ်ကိုင်စားသောက်မယ့်မြေနေရာ၊ သစ်တောနဲ့ မြစ်ရေတွေ ပျက်စီးသွားမှာ မို့လို့ ပါ။ " ဟု ဦးစိုင်းလုံ က ပြောပါသည်။

" ကျောက်မီးသွေးတူးဖော်ရင် သဘာဝတွေ ပျက်စီးတယ်။ဒေသခံတွေက သဘာဝကို မှီတင်းပြီး လုပ်ကိုင်စားသောက်နေရ တော့ စိုက်ပျိုးရေး ခက်လာမယ်။ နောက်ဆုံး နေရာပြောင်းရမယ်။ နေရာသစ်က ဘယ်မှာသွားနေရမလဲ ဒါတွေကိုဘယ်သူ တာဝန်ယူမလဲ" ဟု သျှမ်းလူ့အခွင့်အရေး မဏ္ဍိုင်မှ ပြောရေးဆိုခွင့်ရှိသူ စိုင်းဟော်ရှဲန် က ပြောသည်။

အဆိုပါစီမံကိန်းအား မိုင်းခုတ်ဒေသခံများသာမက မိုင်းခုတ်ချောင်းတလျှောက်နေ သျှမ်းပြည်အရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံ မြောက် ပိုင်းမှ ဒေသခံလူထုများက အလိုမရှိကြောင်းလည်း ဆန့်ကျင်ကန့်ကွက်ဆန္ဒပြခဲ့ဖူးသည်။ https://burmese.shannews.org/archives/14374

***************

## ၂၇။ NCA ၄ နှစ်ပြည့် အောက်တိုဘာ ၂၈ ရက်တွင်ကျင်းပမည်

23, October, 2019

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA  လက်မှတ်ရေးထိုးခြင်း ၄ နှစ်ပြည့်အထိမ်းအမှတ် အခမ်း အနားကို အောက်တိုဘာ ၂၈ ရက်နေ့ နေပြည်တော်တွင် ကျင်းပမည်ဟု သတင်းရရှိသည်။

NCA နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန ၂ တွင် အောက်တိုဘာ ၂၈ ရက် နေ့လည် ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး၊ ဂုဏ်ပြု ညစာကို ညနေ ၆ နာရီတွင် တည်ခင်း ဧည့်ခံမည် ဟု သိရသည်။

၎င်းနှင့်ပတ်သက်ပြီး အစိုးရကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPWT ) တို့သည် အောက်တိုဘာ ၂၁ ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန တွင်တွေ့ဆုံကာ ဆွေးနွေးခဲ့ ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် NCA စာချုပ် အကောင်အထည် ဖော်ရေး လုပ်ငန်းစဉ်တွင် အဓိကကျသည့် ယန္တရားတခုဖြစ်သည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး၊ မအောင်မြင်ရေးသည် UPDJC အပေါ်မူတည်ကြောင်း NCA-S-EAO အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး စိုင်းငင်း က ပြောသည်။

အဆိုပါ ပြောဆိုချက်သည် NCA-S-EAO UPDJC ၏ ယနေ့ ပြုလုပ်သည့် ၂၈ ကြိမ်မြောက် အစည်းအဝေးတွင် ဗိုလ်မှူးကြီး စိုင်းငင်းက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

NCA နှစ်ပတ်လည်အခမ်းအနားကို အစိုးရဘက်မှ အကြီးအကဲများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယခင် ပါဝင်ဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်များ၊ NCA ရေးထိုးနိုင်ရေး အတွက် ကူညီပံ့ပိုးပေးခဲ့ကြသူများ တက်ရောက်မည်ဖြစ်သည်။ https://burmese.shannews.org/archives/14379

**************

## ၂၈။ မတ်ကျိုင်းနှင့် နားရိုင်း ပြည်သူ့စစ်နယ်မြေအတွင်း တပ်မတော် စစ်ရေးလေ့ကျင့်

23, October, 2019

အဆိုပါ စစ်လေ့ကျင့်ရေးကို အရှေ့အလယ်ပိုင်းတိုင်း( ရလခ) လက်အောက်ခံ တပ်ရင်းများနှင့် နမ့်စန်အခြေစိုက် လေတိုက် စခန်း ဌာနချုပ်တို့ ပူးပေါင်းပြီး နမ့်စန်မြို့မှ အရှေ့တောင်ဘက် မတ်ကျိုင်း ပြည်သူ့စစ်အခြေစိုက် ပန်လျန်းဆိုင်ဒေသနှင့် နားရိုင်း ပြည်သူ့စစ် အခြေစိုက် မိုင်းစစ်ဒေသအတွင်း ပြုလုပ်ခဲ့သည်။

ထို စစ်လေ့ကျင့်ရေးကို မနက်ပိုင်း ၉ နာရီ မှ မွန်းလွဲ ၂ နာရီထိ ပြုလုပ်ခဲ့ကြောင်း ဒေသခံများ ပြောဆိုချက် အရသိရသည်။

မတ်ကျိုင်း ပြည်သူ့စစ် ဒုဥက္ကဌ ဆရာဆိုင်လျန်း က " ကျနော်တို့ဆီကို အကြောင်းကြားပြီးလာတယ်။ စစ်ရေး လာကျင့်တာ နေမယ်။ ဒီမနက် ၉ နာရီ လာပြီး မွန်းတည့်လောက် ပြန်သွားတယ်။ အတိအကျတော့ ကျနော်မသိဘူး။ အဲ့အချိန်က စာသင် နေတယ်" ဟု သျှမ်းသံတော်ဆင့်သို့ ပြောသည်။

မြန်မာ့တပ်မတော် စစ်လေ့ကျင့်မှုတွင် သံချပ်ကာ ကား ၈ စီး၊ တွဲကား နှင့် အမြောက် ၂ လက်၊ စစ်လေယာဉ် ၃ စီး နှင့် စစ်ကား ၂၀ တွင် စစ်အင်အား ၁၀၀ ကျော်တို့ ပါဝင်ကြောင်း ပန်လျန်းဆိုင် ဒေသခံများ ပြောပြချက်အရ သိရသည်။

မတ်ကျိုင်း ပြန်သူ့စစ် ကို ဦးစိုင်းလူ ခေါင်းဆောင်ပြီး၊ နားရိုင်းပြည်သူ့စစ် ကို ဂျိုးဆန်း က ဦးဆောင်ကာ ၁၉၉၆ ခုနှစ်တွင် MTA (မိုင်းတိုင်းတပ်မတော်) မှ လက်နက်ချပြီး စစ်အစိုးရမှ ပြည်သူ့စစ်အဖြစ် ပြန်လည်တာဝန်ခန့်အပ်ခဲ့သည့် အဖွဲ့များဖြစ်သည်။ https://burmese.shannews.org/archives/14385

**************

## ၂၉။ ကျမ်းစာသင်တန်းမှူးအမှု ပွင့်လင်းမြင်သာဖို့ တောင်းဆို

24, October, 2019

မြစ်ကြီးနားမြို့ အောက်မော်ဖောင်းကျေးရွာက မူးယစ်ဆေးဖြတ် သမ္မာကျမ်းစာသင်တန်းကျောင်း စည်းကမ်းထိန်း သိမ်းရေးမှူး ကို စကားပြောစက်တွေ့လို့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ နဲ့ အမှုဖွင့် ထားတာကိုအစိုးရအနေနဲ့ ပွင့်လင်းမြင်သာစွာချပြပေးဖို့

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် KBC က တောင်းဆိုလိုက်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလတုန်းက ကျောင်းစည်းကမ်းထိန်းသိမ်းရေးမှူး ဆရာဆိုင်းအောင်ကို အမှုဖွင့်တာနဲ့ ပတ်သက်ပြီး Kachin Baptist Convention (KBC) မြစ်ကြီးနားဗုံနယ်အဖွဲ့ချုပ်ရုံးမှာ ဒီမနက်ပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ တောင်းဆိုလိုက်ကြတာပါ။

အောက်တိုဘာ ၁၀ ရက်နေ့တုန်းက ပြည်နယ်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးချိန်မှာ တောင်းဆိုခဲ့ပေမယ့် ဒီနေ့ချိန်ထိ အကြောင်းပြန်တာမရှိသေးဘူးလို့ သိက္ခာတော်ရ ဆရာလဆီနော်ဘောက် ကပြောပါတယ်။စက်တင်ဘာ၂၆ရက်နေ့က နယ်ထိန်း ဒုရဲအုပ်ညီညီလင်း က တရားလိုပြုလုပ်ပြီး ကျေးရွာနယ်မြေရဲစခန်းမှာ အမှုဖွင့်ထားတာပါ။

ရဲဘက်ကပေးတဲ့ အာမခံနဲ့ ပြန်လည်လွတ်မြောက်လာပြီးနောက်၊ ဒီနေ့အချိန်ထိ တရားရုံးက ဆင့်ခေါ်စာတွေ မရှိသေးဘူး လို့ ဆရာ လဆီနော်ဘောက် က ပြောပါတယ်။သမ္မာကျမ်းစာသင်တန်းကျောင်းကို စစ်တပ်၊ ရဲနဲ့ အုပ်ချုပ်ရေးမှူးတွေ အပါအဝင် လူအင်အား ၂၀ ဝန်းကျင်နဲ့ ဝင်ရောက်ရှာဖွေမှုတွေပြုလုပ်ပြီးနောက်၊ ကျောင်းမှာအသုံးပြုနေတဲ့ စကားပြောစက် walkie-talkie ငါးလုံးကို သိမ်းယူသွားတယ်လို့ ဆရာ ဆိုင်းအောင် ကပြောပါတယ်။

မြစ်ကြီးနားရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မိုး ကတော့ တားမြစ်စက်ပစ္စည်းကိုတွေ့ရှိလို့ အမှုဖွင့်ရတာဖြစ်တယ်လို့ RFA ကို အောက်တိုဘာ ၂ ရက်နေ့တုန်းက ပြောဆိုထားပါတယ်။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ အရ လိုင်စင်ရယူပြီးမှ အသုံးပြုဖို့ သတ်မှတ်ထားတဲ့ ဆက်သွယ်ရေးပစ္စည်းကို လိုင်စင်မဲ့ကိုင်ဆောင်နေတာ သို့မဟုတ် အသုံးပြုတာပေါ်လွင်ရင် တစ်နှစ်ထက် မပိုတဲ့ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ https://www.rfa.org/burmese/news/kbc-press-10242019082226.html

*************

**၃၀။ NCA လေးနှစ်ပြည့်အခမ်းအနား ရက်သတ်မှတ်ပြီးသော်လည်း JICM အစည်းအဝေးမသေချာ**

25, October, 2019

တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လေးနှစ်ပြည့် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို နေပြည်တော်၌ လာမည့်အောက်တိုဘာ ၂၈ ရက်တွင်ကျင်းပရန် သတ်မှတ်ပြီးဖြစ်သော်လည်း NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး JICM မသေချာသေးကြောင်း သတင်းရရှိသည်။

"တပ်မတော် နဲ့ KNU ထိပ်ပိုင်းခေါင်းဆောင်တွေ တွေ့ဆုံပြီးမှသာ JICM အစည်းအဝေးကျင်းပဖို့ အပစ်ရပ်အဖွဲ့တွေကို မေတ္တာရပ်ခံထားတယ်၊ ကျွန်တော်တို့ KNU တွေ့ဆုံမှုရဲ့ တိုးတက်မှုရှိတဲ့အပေါ်မှာ ဆက်လက်ညှိနှိုင်းသွားလို့ရှိရင် ပိုမိုကောင်းမွန်တဲ့ ရလဒ်ပိုရမယ်လို့ မြင်ပါတယ်'' ဟု ကရင်အမျိုးသားအစည်းအရုံး KNU ဒုဥက္ကဌ ပဒိုစောကွယ်ထူးဝင်းက ပြောသည်။

NCA လေးနှစ်ပြည့်အခမ်းအနားကျင်းပပြီးသည်နှင့် နောက်ရက်များတွင် JICM အစည်းအဝေး ဆက်တိုက်ကျင်းပသွားရန် အစိုးရအဆိုပြုထားပြီး NCA လက်မှတ်ထိုးတိုင်းရင်းသား ၉ ဖွဲ့က အကြိုညှိနှိုင်းအစည်းအဝေးတစ်ရပ်ကျင်းပလို၍ တပ်မတော်နှင့် KNU ညှိနှိုင်းပြီးမှသာကျင်းပရန် KNU က သဘောထားပေးခဲ့ခြင်း ဖြစ်သည်။

"တကယ်လို့ JICM အစည်းအဝေးကျင်းပဖြစ်မယ်ဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ UPC ကျင်းပဖို့ကိစ္စပါလာမယ်၊ ပြီးတော့ NCA တစ်ဆို့မှုတွေကို အကောင်အထည်ဖော်ဖို့နဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အခြေခံမူတွေချမှတ်

ထားဖို့၊ ၂၀၂၀ မတိုင်ခင်နဲ့ ၂၀၂၀ အလွန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို လက်ရှိအစိုးရနဲ့ ကြိုတင်သဘောတူညီမှုယူထားမယ် ဒါတွေက ကျနော်တို့ဘက်က ချမှတ်ထားတဲ့ အခြေခံလုပ်ငန်းစဉ်တွေပါ " ဟု နိုင်အောင်မငေးက ပြောခဲ့သည်။

အရေးအတွက်တူ တစ်ဖက် ၁၀ ဦးစီပါဝင်သည့် နိုင်ငံတော်အစိုးရဖက်မှ (အစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ်များ) နှင့် NCA-S EAO တစ်ဖွဲ့လျှင် ကိုယ်စားလှယ်တစ်ဦးစီပါဝင်သည့် JICM အစည်းအဝေးကို ၃ လတစ်ကြိမ်ကျင်းပရမည် သတ်မှတ်ထားသော်လည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ၇ ကြိမ်မြောက်သာ နောက်ဆုံးကျင်းပနိုင်ခဲ့ပြီးနောက် ယခုတိုင် ရပ်နားခဲ့သည်။ http://burmese.monnews.org/2019/10/25/nca%e1%80%9c%e1%80%b1%e1%80%b8 %e1

****************

၃၁။ **တပ်မတော်ကခေါ်ယူသွားသည့် မင်းပြားဒေသခံ (၄၀)ကျော် ပြန်ရောက်လာ**

24, October, 2019

တပ်မတော်က လမ်းပြအဖြစ် ခေါ်သွားသည့် မင်းပြားမြို့နယ်၊ လက်ခုပ်ကျေးရွာမှ ဒေသခံ(၄၀)ကျော်မှာ အောက်တိုဘာလ ၂၃ ရက်နေ့ညနေ (၄)နာရီကျော်ခန့်တွင် မိမိနေရပ်သို့ပြန်လည်ရောက်ရှိလာသည်ဟု ဒေသခံများထံက သိရသည်။

အောက်တိုဘာလ ၂၃ ရက်နေ့နံနက်ပိုင်းက ယင်းရွာအနီးတွင် တပ်မတော်စစ်ကြောင်းတစ်ခုမိုင်းဆွဲတိုက်ခိုက် ခံခဲ့ရသည်။ ထို့ကြောင့် ယင်းကျေးရွာကို တပ်မတော်က ဝင်ရောက်စစ်ဆေးခဲ့ကာ ရွာသား(၄၀)ကျော်ကို ခေါ် ယူသွားခြင်းဖြစ်သည်။

" ကျွန်တော်တို့ကို ရာမောင်တံတားအနီးကိုခေါ်သွားတယ်။ ညနေ ၄ နာရီလောက်မှာ ပြန်လွှတ်လာတယ်။ လမ်းမှာတော့ သတ်တာ၊ ပုတ်တာတွေတော့ မရှိဘူး " ဟု ခေါ်ဆောင်ခံရသူ ဦးမောင်စိန်က ပြောသည်။

အဆိုပါ ကျေးရွာကို တပ်မတော်က ဝင်ရောက်စစ်ဆေးစဉ်အတွင်း နေအိမ်တစ်ချို့မှ ရွှေ၊ငွေများကိုလည်း ယူ သွားသည်ဟု ဒေသခံများက စွပ်စွဲကြသည်။သို့သော် ယင်းသို့ယူဆောင်ခြင်းမရှိကြောင်း တပ်မတော်ဘက်က ငြင်းဆိုသည်။

ယမန်နေ့က လက်ခုပ်ကျေးရွာ နှင့် စိတ္တရကျေးရွာအကြားတွင် တပ်မတော်နှင့်ရက္ခိုင့်တပ်တော်(AA)တို့ တိုက်ပွဲ ဖြစ်ပွားမှုရှိခဲ့ကြောင်း AA ဘက်က သတင်းထုတ်ပြန်ထားသည်။ https://www.dmgburmese.com/%E1%80%9E%E1% 80%90%E1% 80%84%E1%80%B9%E1%80%B8/return-40p.html

**************

၃၂။ **မောင်တောတွင် အချုပ်သားများတင်ဆောင်လာသည့် ယာဉ်တန်းမိုင်းဆွဲတိုက်ခိုက်ခံရ**

24, October, 2019

ရခိုင်ပြည်နယ်၊မောင်တောခရိုင်တွင် အချုပ်သားများတင်ဆောင်လာသည့် ယာဉ်တန်းသည် ခရိုင်တရားရုံးမှ အမှု စစ်ဆေးပြီး ပြန်လည်ထွက်ခွာလာခဲ့ရာ ယနေ့ (အောက်တိုဘာလ ၂၄ ရက်နေ့)၊ ညနေ (၄)နာရီကျော်က မိုင်းဆွဲ တိုက်ခိုက်ခံရကြောင်း မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးစိုးအောင်က DMG ကို အတည်ပြုပြော သည်။

အဆိုပါ ယာဉ်တန်းသည် အမှုစစ်ဆေးပြီး အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(နခစ)သို့ သွားရာတွင် ဘူးသီး တောင်မြို့နယ်၊ သစ်တောကျေးရွာအနီးတွင်မိုင်းဆွဲတိုက်ခံရခြင်းဖြစ်ပြီး ဒဏ်ရာ ရရှိသူများလည်းရှိကြောင်း ဦးစိုးအောင်က ပြောသည်။

"ထိခိုက်ဒဏ်ရာရရှိမှုအနည်းငယ်လို့သိရတယ်။တိတိကျကျမပြောနိုင်သေးဘူး" ဟု ၎င်းက ပြောသည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်ဦးကလည်း ယင်းဖြစ်စဉ်ကိုအတည်ပြုပြီး အသေးစိတ်ကို ရဲတပ်ဖွဲ့ ကို မေးရန်သာပြောသည်။ထို့ကြောင့် အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(နခစ)သို့ DMG ကဆက်လက်ဆက် သွယ်ရာတွင် ဖုန်းလက်ခံဖြေကြားခြင်းမရှိပေ။

ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့်ရက္ခိုင့်တပ်တော်(AA)တို့ တိုက်ပွဲဖြစ်ပွားနေစဉ်ကာလတွင် အရပ်သားကား များအပါအဝင် ရဲတပ်ဖွဲ့ဝင်ယာဉ်တန်းများ၊ တပ်မတော်ယာဉ်တန်းများလည်း မကြာခဏမိုင်းခွဲတိုက်ခိုက်ခံနေရသည်။ ယခုကဲ့သို့ အချုပ်သား ယာဉ်တန်းမိုင်းဆွဲတိုက်ခိုက်ခံရမှုဖြစ်စဉ်သည် တိုက်ပွဲကာလအတွင်း ပထမဦးဆုံး ဖြစ်သည်။ https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/mdmineml.html

*************

## ၃၃ မြန်မာစစ်တပ် နှင့် KIO အပစ်ရပ်ရန် ကချင်စစ်ရှောင်များ လိုလားသော်လည်း စိုးရိမ်

25, October, 2019

'ကချင်စစ်ဘေးရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး' ခေါင်းစဉ်သတ်ပြီး ကချင်လွတ်လပ်ရေးအဖွဲ့ KIO က မြန်မာစစ်တပ်နှင့် နှစ်ဖက်အပစ်ရပ် လက်မှတ်ထိုးရန် ကြိုးပမ်းနေသည်ဟုဆိုသည့်သတင်းကို အကောင်းဘက်ကမြင်သော်လည်း စိုးရိမ်မှုများရှိနေကြောင်း စစ်ရှောင်များကြား ပြောဆိုနေကြပါသည်။

အောက်တိုဘာလ (၂၅)ရက်၊ သောကြာနေ့ ကျရောက်သည့် (၅၉) နှစ်ပြည့် ကချင်လွတ်လပ်ရေးအဖွဲ့ KIO အထိမ်းအမှတ်နေ့ ထုတ်ပြန်သည့် KIO ဥက္ကဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ (Gen Nban La) မိန့်ခွန်းတွင် "ရန်သူနဲ့ အပစ်ရပ်လက်မှတ်ထိုးပြီး စစ်ရှောင်တွေ နေရပ်ပြန်နိုင်ဖို့ နဲ့ တခြားအကြောင်းအရာတွေကို စားပွဲပေါ်မျက်နှာချင်းဆိုင် ဆွေးနွေးနိုင်ဖို့ ကြိုးစားနေကြောင်း " ဖော်ပြထားပါသည်။

"အခုလို ဆုံးဖြတ်ချက်ပေါ်မှာ KIO ကို တခြားဝေဖန်တာ မပြုချင်ပေမယ့် ကိုယ့်အမျိုးသားပေါ်မှာ ရိုးသားဖြောင့်မတ်စေချင်တယ်။ စစ်ရေးကိုဖြေရှင်းရာမှာ ပြည်သူကို အသုံးမချဖို့လည်း တောင်းဆိုလိုပါတယ်" ဟု မြစ်ကြီးနား၊ ဂျန်မိုင်ကောင်း (Jan Mai Kawng) ရိုမန်ကတ်သလစ် စစ်ရှောင်စခန်းမှ ဆရာမ ရွယ်ဂျာ (Saranum Roi Ja) ဆိုပါသည်။

ဖေ့စ်ဘုတ်လူမှုကွန်ယက်စာမျက်နှာမှာ အခုအပတ်အတွင်း ဒီအကြောင်းအရာနှင့်ပတ်သက်လို့ ထောက်ခံသူများရှိသလို ကန့်ကွက်သူ အများအပြားကို တွေ့နေရပါသည်။

ယခုချိန်ထိ bilateral အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး KIO က ကချင်အမျိုးသားများကို သီးခြား ရှင်းလင်းတင်ပြခြင်း မရှိသေးပါ။

KIO သည် မည်သည့်အခြေအနေမှာဖြစ်ပါစေ မြောက်ပိုင်းမဟာမိတ် အဖွဲ့ဝင် တအာင်း TNLA၊ ရခိုင် AA၊ ကိုးကန့် MNDAA တို့နှင့်အတူ တပ်မတော်နှင့်အပစ်ရပ်လက်မှတ်ထိုးရန် ပြီးခဲ့သည့် ဧပြီ (၃၀) မူဆယ်မြို့ အစိုးရနှင့်တွေ့ဆုံဆွေးနွေးမှုအပြီး လူထုတွေ့ဆုံရှင်းလင်းပွဲတစ်ခုတွင် KIO အထွေထွေအတွင်းရေးမှူး ဦးထိန်နန် (Kumhtat Thing Nan) က ရှင်းပြခဲ့သည်။

"သူတို့လည်း တစ်ခုခုအာမခံချက်ရှိလို့လုပ်တာ ဖြစ်မယ်လို့မြင်တယ်။ ဒါပေမယ့် ကျနော်တို့စစ်ရှောင်တွေကတော့ အပစ်ရပ်လက်မှတ်ရေးထိုးတဲ့အချိန် တပ်နေရာချထားရေးမှာ အထူးသဖြင့် လူနေရပ်ကွက်ကျေးရွာတွေနဲ့ စစ်တပ်ကို ဝေးဝေးထားစေချင်ပါတယ်" ဟု မိုင်းနား စစ်ရှောင်စခန်းမှ ဆရာဂွမ်ဆိုင်း (Sara Gum Seng) ပြောပါသည်။

ယခု ထွက်ပေါ်နေသည့်သတင်းများနှင့်ပတ်သက်ပြီး လိုင်ဇာမြို့ KIO သတင်းနှင့်ပြန်ကြားရေးဌာန ကို ကြိုးစားဆက်သွယ်သော်လည်း မရရှိခဲ့ပါဘူး။

KIO နှင့် မြန်မာစစ်တပ်တို့ အပစ်ရပ်လက်မှတ်ထိုးမည့်ကိစ္စ လူထုကို အချိန်ပေးပြီးစဉ်းစားစေကာ၊ လူထုအသံကိုလည်း နားထောင်သင့်ကြောင်း မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်နေသည့် Burma News International BNI မှ မထုဆမ် (Shayi Htu Sam) က သူမထင်မြင်ချက် ပြောပါသည်။

နှစ်ဖက်ကြား ၁၉၉၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် အပစ်အခတ်ရပ်စဲရေးစာချုပ်သည် ၂၀၁၁ တွင် ပျက်စီးခဲ့ပြီး တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခြင်းဖြစ်သည်။ https://burmese.kachinnews.com/2019/10/25/%e1%80%bb%e1 %80%99%e1%80%94%e1%80%b9%e1

***************

၃၄။ **KIO အထိမ်းအမှတ်နေ့ ပြုလုပ်မည့်နေရာသို့ မြန်မာစစ်ကြောင်းများ တက်လာ**

25, Octobe,r 2019

(၅၉) နှစ်ပြည့် ကချင်လွတ်လပ်ရေးအဖွဲ့ KIO နေ့ အထိမ်းအမှတ်နေ့ ပြုလုပ်ရန် ပြင်ဆင်ထားသည့် ရှမ်းပြည်နယ်မြောက်ပိုင်း ကချင်လွတ်လပ်ရေးတပ်မတော် (KIA)တပ်ရင်း (၈) နယ်မြေသို့ မြန်မာစစ်တပ် စစ်ကြောင်းများ တက်လာနေကြောင်း ဆိုပါသည်။

နှစ်ပတ်လည်နေ့ကို နမ္မတူမြို့နယ် Bang Gaw ကျေးရွာတွင် ပြုလုပ်ရန် စီစဉ်ထားရာ အောက်တိုဘာ (၂၄)ရက်နေ့က တပ်မတော် စစ်ကြောင်းများ တက်လာခြင်းကြောင့် နှစ်ဖက် စစ်ရေး တင်းမာလာနိုင်ကြောင်း KIA တပ်ရင်း(၈) သတင်းရပ်ကွက်က ဆိုပါသည်။

ကချင်ပြည်နယ် ပယင်းထွက်ရှိရာ တနိုင်းမြို့နယ် KIA တပ်ရင်း (၁၄)၊ Nam Byu ဧရိယာဘက်ကိုလည်း မြန်မာစစ်တပ် အင်အားဖြည့်တင်းမှုပြုလုပ်နေကြောင်းဒေသခံများဆိုပါသည်။

ယနေ့ အောက်တိုဘာလ (၂၅)သည် (၅၉) နှစ်ပြည့် ကချင်လွတ်လပ်ရေးအဖွဲ့ (Kachin Independence Organization) နေ့ဖြစ်သည်။

KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ (Gen Nban La) ၏ နှစ်ပတ်လည်နေ့ မိန့်ခွန်းတွင် "ရန်သူနဲ့ အပစ်ရပ်လက်မှတ်ထိုးပြီး စစ်ရှောင်တွေ နေရပ်ပြန်နိုင်ဖို့ နဲ့ တခြားအကြောင်းအရာတွေကိုလည်း စားပွဲပေါ်မှာ မျက်နှာချင်းဆိုင် ဆွေးနွေးနိုင်ဖို့ KIO ဗဟို ကော်မတီ ကြိုးစားနေကြောင်း" ထုတ်ပြန် ထားပါသည်။

KIO ကို ကချင် တက္ကသိုလ်ကျောင်းသားများ ဦးဆောင်ပြီး လွန်ခဲ့သော ၁၉၆၀ ခုနှစ် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့တွင် ဖွဲ့ စည်းခဲ့သည်။ https://burmese.kachinnews.com/2019/10/25/kio

***************

## ၃၅ လူထုက ပါတီတခုတည်း ကြည့်၍ မဲပေးမည် မဟုတ်တော့ကြောင်း NLD သတိပေး

24, October, 2019

လာမည့် ရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် ပါတီတခုတည်းကိုကြည့်၍ မဲပေးတော့မည် မဟုတ်ကြောင်း အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ဗဟို ဒု ဥက္ကဋ္ဌ ၂ ဒေါက်တာ ဇော်မြင့်မောင်က လွှတ်တော် ကိုယ်စားလှယ်များအား သတိပေး ပြော ကြားလိုက်သည်။

ယနေ့ ကျင်းပသည့် ခုနစ်ကြိမ်မြောက် ရန်ကုန်တိုင်း ဒေသကြီး NLD ပါတီ၊ လွှတ်တော်၊ အစိုးရ သုံးပွင့် ဆိုင် တွေ့ဆုံ ညှိနှိုင်း ပွဲ၌ ၎င်းက ပြောကြားခြင်းဖြစ်ပြီး အစိုးရအဖွဲ့နှင့် လွှတ်တော်တို့ အချိုးညီ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အပြန်အလှန်ထိန်းကျောင်း ဆောင် ရွက်သွားရန် လိုကြောင်းလည်း ပြောကြားသွားသည်။

ဒေါက်တာ ဇော်မြင့်မောင်က "အရင်တုန်းက အတိုင်းပင်ခံ ပုဂ္ဂိုလ်က လူပုဂ္ဂိုလ်ကို မကြည့်ပါနဲ့ ပါတီကိုကြည့်ပြီး မဲပေးပါလို့ ဆန္ဒ တောင်းခဲ့တယ်။ တကယ်လည်း ပေးခဲ့တယ်။ ပြည်သူတွေရဲ့ နိုင်ငံရေးအသိအမြင် ဒီထက် ပိုရင့်ကျက်လာပြီ။ ဒီထက် ပိုများပြား လာတယ်။ အရင်တုန်းကလို တခုတည်းတော့ကြည့်မှာ မဟုတ်တော့ဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ကိုယ့်ကိုယ် ကိုယ် ပြုစုပျိုးထောင်ပြီးတော့ ဝမ်းစာဖြည့်ဖို့ လိုပါတယ်" ဟု ပြောသည်။

ပြည်သူ့အကျိုးဆောင်ရွက်ရာတွင် အချင်းချင်းကြား ပွတ်တိုက်မှုများအား ယခုကဲ့သို့ တွေ့ဆုံ ဆွေးနွေးခြင်းဖြင့် ဖြေရှင်းရမည် ဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စများအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသ ကြီး NLD ဒု ဥက္ကဋ္ဌ ဒေါက်တာ စိုးဝင်းဦးက ပြောသည်။ https://burma.irrawaddy.com/news/short-news/2019/10/24/206842

***************

## ၃၆။ ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်လောင်းအများဆုံး ရွေးချယ်မည်ဟု SNDP ပြော

25, October, 2019

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများရွေးချယ်ရာ၌ အမျိုးသမီးနှင့် လူငယ်များကို ဦးစားပေးကာ ၄၅ ရာခိုင်နှုန်းခန့်အထိ ရွေးချယ်သွားမည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ဥက္ကဋ္ဌ စိုင်းအိုက်ပေါင်းက ဧရာဝတီသို့ ပြောကြားသည်။

"အမျိုးသမီးနှင့် လူငယ်ကို ဦးစားပေးရမှာပေါ့။ ဘာလို့လဲဆိုတော့ အမျိုးသမီးတွေကို မြန်မာ့နိုင်ငံရေးထဲမှာ ပါစေချင်တယ်။ လူငယ်တွေကိုလည်း လူကြီးတွေအစား နေရာတခု ရစေချင်တယ်" ဟု ကျားဖြူပါတီဟု အများသိကြသည့် SNDP ပါတီ ဥက္ကဋ္ဌ စိုင်းအိုက်ပေါင်းက ပြောသည်။

ရှမ်းပြည်နယ်ရှိ အမျိုးသမီးများသည် နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်မှု နည်းနေသည့်အတွက် အမျိုးသမီးများ ရှေ့သို့ ရောက် ရန် တွန်းအားပေးလုပ်ဆောင်စေလိုခြင်းဖြစ်ပြီး လူငယ်များကအရာရာတွင် သိလွယ်တတ်လွယ်မှု ရှိခြင်းကြောင့်

ကိုယ်စားလှယ်လောင်းများအဖြစ် ဦးစားပေး ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင်မူ ကြိုတင်ရွေးချယ်နေခြင်း မရှိသေးကြောင်း SNDP ပါတီ၏ နမ့်ခမ်းမြို့နယ် ဥက္ကဌ စိုင်းကျော်အုန်းက ရှင်းပြသည်။

"၂၀၁၅ တုန်းကလည်း အမျိုးသမီးတွေကို ဝင်ပြိုင်ခိုင်းပါတယ်။ ဒါပေမယ့် ပါဝင်မှုကတော့ အရမ်းနည်းတယ်။ ကျနော်တို့က တနေရာမှာ သုံးယောက်ဝင်ပြိုင်ရင် အနည်းဆုံးအမျိုးသမီးတယောက် ပါဝင်စေရမယ်လို့ ဆုံးဖြတ်ထားတယ်။ ဒါကြောင့် ကျနော်တို့ လူကြီးတွေက ဝင်မပြိုင်ပဲ လူငယ်တွေကို ဦးစားပေး ပြိုင်ခိုင်းမယ်" ဟု စိုင်းကျော်အုန်းက ပြောသည်။

၂၀၁၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်ကာလက ပါတီကိုယ်စားလှယ်လောင်း ၂၀၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် အမတ်နေရာ ၃၀ ရာခိုင်နှုန်း အထိ ရရှိခဲ့ပြီး ၎င်းတို့အနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၃ နေရာ ရရှိခဲ့ကြောင်း သိရသည်။ https://burma.irrawaddy.com/news/2019/10/25/206853.html

မှတ်ချက်။ သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးထံမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

**** ပြီး ****